# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၄ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၃

၂၀၂၃ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကပါလနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရတို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၃၁ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီး သုံးပါးတို့ တက်ရောက်ချီးမြှင့်တော်မူကြပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့** *ဖတ်စရာ*


**တူကီယဲနိုင်ငံ၌ ယာယီကျောင်းများဖွင့်လှစ်ကာ လျှင်ဒဏ်သင့်ကလေးများကို စာသင်ကြားမှုစတင်** — နိုင်ငံတကာသတင်း | စာ - ၁၃

**မြန်မာ့တောင်သူလယ်သမားတို့ဘဝ အေးချမ်းရမည်** — ဆောင်းပါး | စာ - ၁၆

**၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်** — ပြည်တွင်းသတင်း | စာ - ၁၈

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## လူကုန်ကူးမှုတိုက်ဖျက်ရေး ကျယ်ပြန့်ထိရောက်စွာ အသိပညာပေး

ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံပေးခြင်းတို့သည် လူကုန်ကူးမှုပင်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာကိုလည်းကောင်း၊ လုပ်အားကိုလည်းကောင်း ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် အထက်ပါအတိုင်း လူကုန်ကူးမှုတွင် လှည့်ဖြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ အင်အားသုံးခြင်း စသည့်နည်းလမ်းများကို ကျူးလွန်သူတို့က သုံးစွဲကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လူကုန်ကူးမှုခံရသူအများဆုံးရှိသော အာရှရပ်ဝန်းတွင် ပါဝင်နေပြီး ဆင်းရဲနွမ်းပါးမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ ဝင်ငွေနည်းပါးမှု စသည့်အကြောင်းရင်းခံများကြောင့် လူကုန်ကူးမှု၏ သားကောင်များဘဝကျရောက်သွားကြရသည်။ လူကုန်ကူးမှုတွင် လူပွဲစားများက နယ်စပ်မြို့ သို့မဟုတ် တစ်ဖက်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံ၊ စတိုးဆိုင်၊ စားသောက်ဆိုင်၊ ထမင်းဆိုင် စသည့်နေရာတို့တွင် လုပ်ခလစာ ကောင်းကောင်းရရှိမည်ဟု စည်းရုံးခြင်း၊ အိမ်ဖော်၊ ကလေးထိန်း၊ သက်ကြီးရွယ်အိုတို့ကို ကြည့်ရှုစောင့်ရှောက်ရမည်ဟူ၍ စည်းရုံးခြင်း၊ တစ်နည်းနည်းဖြင့် ပြောဆိုစည်းရုံးပြီးနောက် လမ်းစရိတ်အကုန်ကျခံ၍ ခေါ်ဆောင်ခြင်း၊ ကြိုတင်ငွေထုတ်ပေးပြီး တစ်ဖက်နိုင်ငံရောက်ပါက မိဘများထံ ငွေလွှဲပေးမည်ဟု စည်းရုံးခြင်း၊ ဟန်ဆောင်လက်ထပ်ခြင်း၊ ရည်းစားအဖြစ် ချစ်ကြိုက်ဟန်ဆောင်ခြင်းဖြင့် လှည့်ဖြားကာ တစ်ဖက်နိုင်ငံသို့ အလည်အပတ်သို့မဟုတ် ခိုးပြေးသည့်ပုံစံဖြင့် ခေါ်ဆောင်ရောင်းစားခြင်း၊ တစ်ဖက်နိုင်ငံမှ အမျိုးသားနှင့် ဇနီးမယားအဖြစ် ပေါင်းသင်းပါက ငွေကြေးအမြောက်အမြားရမည်ဟု စည်းရုံးခြင်း စသည့်နည်းလမ်းများကို အသုံးပြုကြသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လျှော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးမှာ လွန်စွာ အရေးပါသည်။ လူကုန်ကူးမှုများကို သတိပြုရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးမှုများ ပြုလုပ်လျက်ရှိသော်လည်း ပိုမိုကျယ်ပြန့်ထိရောက်သော အသိပညာပေးမှုများ ပြုလုပ်ရန် လိုအပ်နေဆဲဖြစ်သည်။ တစ်ဖက်နိုင်ငံသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်သွားရောက်ခြင်းဖြင့် လူကုန်ကူးခံရမည့်အန္တရာယ် ကြုံတွေ့နိုင်ပုံ၊ တရားမဝင် အလုပ်လုပ်ကိုင်ခြင်းဖြင့် အလုပ်သမားများ၏ အခွင့်အရေးများ မရနိုင်သည့်အပြင် တရားမဝင် ခိုးဝင်မှုဖြင့် အဖမ်းခံရနိုင်ပုံ၊ တစ်ခါတစ်ရံတွင် စာချုပ်ချုပ်ဆို၍ အယုံသွင်းထားသည့်တိုင် လိမ်လည်ခံရနိုင်ပုံတို့ကို မီဒီယာနည်းလမ်းအမျိုးမျိုးတို့ဖြင့် လူကုန်ကူးအန္တရာယ် ကျရောက်နိုင်ခြေမြင့်မားသည့် မိန်းကလေးငယ်များ၊ အမျိုးသမီးများ သိရှိနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရမည်ဖြစ်သည်။

လူကုန်ကူးမှုကျူးလွန်သူများတွင် တရားခံအများစုသည် အမျိုးသမီးများဖြစ်ကြပြီး ငွေကြေးရယူလိုသည့် အလိုလောဘဖုံးလွှမ်းနေမှုကြောင့် လူကုန်ကူးမှု ပြစ်မှုပြစ်ဒဏ်များ၏ ကြီးလေးမှုကို သတိမပြုနိုင်ကြဟု ယူဆရသည်။ အမျိုးသမီး/ကလေးများကို လူကုန်ကူးခြင်း၊ အမျိုးသားများကို လူကုန်ကူးခြင်း၊ လူကုန်ကူးမှုကျူးလွန်စဉ် ထောင်ဒဏ် (၄) နှစ်နှင့်အထက် ချမှတ်နိုင်သည့်ပြစ်မှုကို ကျူးလွန်ခြင်း၊ ဂိုဏ်းဖွဲ့လူကုန်ကူးမှုကျူးလွန်ခြင်း စသည့်ပြစ်မှုများအတွက် ပြစ်ဒဏ်များတွင် ထောင်ဒဏ်(၅)နှစ်၊ (၁၀) နှစ်၊ နှစ် (၂၀)၊ ထောင်ဒဏ်တစ်သက်တိုင်အပြင် ငွေဒဏ်များမှသည် အမြင့်ဆုံးသေဒဏ်အထိ ချမှတ်နိုင်ရာ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းနှင့် သမ္မာအာဇီဝအသက်မွေးခြင်းဖြင့်သာ ကောင်းမွန်သည့်ဘဝကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မြန်မာ့အိမ်ခြံမြေပြပွဲ - ၂၀၂၃ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် ပြသလျက်ရှိ

**ရန်ကုန် မတ် ၃**

ရန်ကုန်နှင့်မြို့ကြီးအချို့တို့ရှိ မြေယာများ၊ ကွန်ဒို၊ တိုက်ခန်း၊ လုံးချင်းများ၊ ပြည်ပမှအိမ်ရာ Projects များ အစရှိသည်တို့ကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ချိန်ဆကြည့်ရှုဝယ်ယူနိုင်ရန်နှင့် ဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျဝယ်ယူနိုင်မည့် နည်းလမ်းများကို စုံလင်စွာ သိရှိနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ မြန်မာ့အိမ်ခြံမြေပြပွဲ-၂၀၂၃ ကို မတ် ၃ ရက်မှ ၅ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသလျက်ရှိပြီး ပြပွဲတွင် အိမ်ခြံမြေ developer ကြီးများ၊ အကျိုးဆောင်ကုမ္ပဏီများ၊ အိမ်ရာအရောင်းပြခန်းများ၊ ဘဏ်များအပါအဝင် ပြခန်းပေါင်း၄၀ကျော်ဖြင့် ပြသထားရာ ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)** ထို့ပြင် အိမ်ခြံမြေအကြောင်း သိကောင်းစရာများကို ကျွမ်းကျင်ပညာရှင်များက ဟောပြောပို့ချကြသည်။

**မျိုးမင်းသူရ**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၅/၈)ရပ်ကွက် ကျောက်စိမ်းလမ်း အမှတ် (၃၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အင်အားပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အင်အားပါတီ၏ အလံပုံစံ**



**ပြည်သူ့အင်အားပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၃** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။





❖ ***ရှေ့ဖုံးမှ***

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်ညီကြသည်။

**ကပ်လှူပူဇော်**

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနဝံ့မဟာဗိမာန်တော်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို “နမော တဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍

***စာမျက်နှာ ၄ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၃ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

## လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက်ပဓာနနာယက ဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာသည့်အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးတို့က ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

## နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယက၊

စာမျက်နှာ ၅ သို့



### နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ အောင်ကျော်မင်း ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရတို့ အမှူးပြုသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီးတို့ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ရပ်တည်ခဲ့သည့် ဆေးပညာရပ် တစ်ရပ်ဖြစ်

**နေပြည်တော် မတ် ၃**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် အိန္ဒိယနိုင်ငံ အာသံပြည်နယ် Guwahati မြို့တွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပသည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့၏ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ညီလာခံနှင့် ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာဝလေ့ ထုံးတမ်းအစဉ်အလာအရ ဆီမီးဖယောင်းတိုင်မီးထွန်းညှိ၍ စတင်ဖွင့်လှစ်ခဲ့ပြီး အိန္ဒိယနိုင်ငံ အာယုဗေဒဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင်**(အပေါ်ပုံ)** မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင်



မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ရပ်တည်ခဲ့သည့် ဆေးပညာရပ် တစ်ရပ်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌လည်း မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ တိုင်းရင်းဆေးဝါးများကို အသုံးပြု၍ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မန္တလေးတွင် တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်၍ တိုင်းရင်းဆေး သမားတော်များ နှစ်စဉ် မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ယနေ့ညီလာခံတွင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ တိုင်းရင်းဆေးနယ်ပယ်မှ တိုင်းရင်းဆေးပညာရှင်များ၊ ဆေးဝါးကွပ်ကဲရေးအဖွဲ့များမှ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တိုင်းရင်းဆေးနှင့် ပတ်သက်၍ ဘက်စုံကဏ္ဍစုံမှ စဉ်းစားသုံးသပ်မှုများ လုပ်ဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ တိုင်းရင်းဆေးကဏ္ဍ စီးပွားဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိုင်းရင်းဆေးသုတေသနများ ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရေး၊ တိုင်းရင်းဆေးများ၏ အရည်အသွေး၊ လုံခြုံစိတ်ချရမှုနှင့် အစွမ်းထက်မှုများ မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သောညီလာခံနှင့် ပြပွဲသည် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ အကြား တိုင်းရင်းဆေးကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်နားလည် ယုံကြည်မှုဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ အာယုဗေဒ၊ ဆိပ်ကမ်းနှင့် ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး H.E .Shri Sarbanada Sonowal က အဖွင့်မိန့်ခွန်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားတွင်ပြသထားသည့် တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများသို့ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် တက်ရောက်၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ညီလာခံနှင့် ပြပွဲသို့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံ၊ လေ့လာသူနိုင်ငံ သုံးနိုင်ငံနှင့် မိတ်ဖက်နိုင်ငံ ၁၃နိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေး ပညာရှင်များ၊ ဆေးဝါးကွပ်ကဲရေး အဖွဲ့များမှ ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*❍ ကျောဖုံးမှ*

အသင်းက မထင်မှတ်ဘဲ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမား မပါဝင်ဘဲ ပြည်တွင်းကစားသမားများဖြင့် ပွဲထွက်လာပြီး ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း ဒဂုံစတားအသင်းက အခွင့်အရေးများ အသုံးချနိုင်သဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၁၅ မိနစ်တွင် ညီညီအောင်က ခေါင်းတိုက်ပြီး ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မိနစ် ၆၀ တွင် ဇော်လင်းဦးက ဒဂုံစတားအသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ၇၁ မိနစ်တွင် မဟာယူနိုက်တက်အသင်း ပယ်နယ်တီကန်ခွင့်ရသော်လည်း သက်နိုင်၏ကန်သွင်းချက်ကို ဒဂုံစတားဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သည်။

ဒဂုံစတားအသင်းအတွက် နောက်ထပ် အနိုင်ဂိုးများကို ၈၅၊ ၉၀ မိနစ်တွင် မင်းမြတ်စိုးတို့က သွင်းယူခဲ့သည်။ သုံးပွဲစီကစားအပြီးတွင် ဒဂုံစတားအသင်းက ခုနစ်မှတ်၊ မဟာယူနိုက်တက်အသင်းက လေးမှတ်ရရှိထားသည်။

**အနိုင်ရခဲ့**

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရှောဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲစီကစားအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ကိုးမှတ်၊ ရှောဝတီအသင်းက တစ်မှတ်ရရှိထားသည်။

**ယှဉ်ပြိုင်ကစား**

ပွဲစဉ် (၃) ဒုတိယနေ့အဖြစ် မတ် ၄ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပွဲနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# လာချိဒ်တစ်မျိုးသားလုံး၏ အမွေအနှစ်ဖြစ်သည့် မုခ်ဦး၊ ရိုးရာအိမ်တော်၊ မနောကွင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မြစ်ကြီးနား မတ် ၃

**လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီက ကြီးမှူးကျင်းပ ပြုလုပ်သည့် နိုင်ငံတစ်ဝန်းနှင့် ပြည်နယ်အတွင်းရှိ လာချိဒ်တစ်မျိုးသားလုံး၏ ရိုးရာအမွေ အနှစ်ဖြစ်သည့် မုခ်ဦး၊ ရိုးရာအိမ်တော်၊ မနောကွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု ခွဲ့ကွမ်ကျေးရွာအတွင်းရှိ လာချိဒ်ရိုးရာယဉ်ကျေးမှုကွင်း၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး ဒေါ်နန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများတက်ရောက်ကြရာ လာချိဒ်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လာချိဒ်တိုင်းရင်းသားများက (ရှီးခွမ်မှီ) ကြိုဆိုသီချင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို သိက္ခာတော်ရဆရာ မဒိန်ဇုန်းကျန်းက ဆုတောင်းဆက်ကပ်ပေးပြီး လာချိဒ်စာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလဘောင်ဇုန်းဘောမ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မနောကွင်းအတွင်း ပင်မ မနောတိုင် အလှူရှင် ဇောင်မှူးမန်ရှန်ဒိန့် ယိန်း၏ ဇနီး ဆရာမ ဂလောင်ဇရီခေါဝင်းက မနောကွင်း တည်ဆောက်ရခြင်းနှင့် ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မိမိတို့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ယခုထက်မက ပိုမို တိုးမြှင့်ဆောင်ရွက်နိုင်ပြီး ပြည်ထောင်စုကြီးနှင့် ကချင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးရေးကို အစဉ်ထာဝရ ရှေးရှု ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားအချင်းချင်း မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် မိမိတို့ဒေသ၊ မိမိတို့၏ ပြည်ထောင်စု၊ မိမိတို့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍမှ လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌထံ ချီးမြှင့်ထောက်ပံ့ငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ငွေကျပ် ၅ သိန်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ရိုးရာအိမ်တော်ရှေ့၌ အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြပြီး မနောကွင်းဖွင့်လှစ်ရန် သိက္ခာတော်ရ ဆရာ မဒိန်းဇုန်းကျန်းက ဆုတောင်းဆက်ကပ်ကောင်းချီးပေးကာ မနောကွင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဦးဇခုန်တိန့်ယိန်း၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပင်မ မနောတိုင်အလှူရှင် ဒူဝါမန်ရှန်ဒိန့်ယိန်း၏ ဇနီးဒေါ်ဇရီခေါဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** လာချိဒ်လူငယ်မောင်မယ်များက မနောအဖွင့်သီချင်းဖြင့် ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့်အဖွဲ့ လာချိဒ်တိုင်းရင်းသားတို့၏ သမိုင်းမှတ်တမ်းများနှင့် ရိုးရာအသုံးအဆောင်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကောင်းချီးမင်္ဂလာခံယူသော ကျုံးဇွမ်မနောအက (အဖွင့်မနောအက) ကို ဦးဆောင်သူများနှင့်အတူ ရိုးရာနှင့်အညီ မနောကွင်းအတွင်း လာချိဒ်တိုင်းရင်းသားများ၊ ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားအားလုံးနှင့် အတူတကွ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

လာချိဒ်တိုင်းရင်းသားမျိုးနွယ်များသည် ရှေးယခင်ကတည်းကပင် မိသားစုကျန်းမာရေးကောင်းမွန်စေရန်၊ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စေရန် ရည်ရွယ်၍ မနောပွဲတော်ကို ကျင်းပလာကြသည့် အစဉ်အလာကောင်းများ ရှိကြပြီး အောင်မြင်မှုများ ရရှိလာသောအခါတွင် လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး၊ အိမ်သူအိမ်သားများနှင့် မျိုးနွယ်စုများ ပြန်လည်ဆုံတွေ့သောအခါများနှင့် နေ့ထူးနေ့မြတ် အထိမ်းအမှတ်နေ့များတွင် လည်းကောင်း၊ မင်္ဂလာရက်ကောင်းရက်မြတ်ရွေးချယ်ပြီး မိသားစုအလိုက် မိမိတို့၏ ဒေသနှင့် အိမ်ဝင်းအတွင်း မနောတိုင်များကို စနစ်တကျ ဆောက်လုပ်ကာ ရိုးရာအစဉ်အလာအရ မနောအကကို ခေါင်းဆောင်သူ၏နောက်မှ အတူတကွမနောအကကခြင်းရိုးရာဓလေ့ကို လာချိဒ်ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရိုးရာမနောကွင်းနှင့် လာချိဒ် တိုင်းရင်းသားတို့၏ သမိုင်းမှတ်တမ်းများနှင့် ရိုးရာအသုံးအဆောင် ပြခန်းအတွင်း ပြသထားသည့် လာချိဒ်တိုင်းရင်းသားတို့ ဆင်းသက်လာမှု၊ ဘဝနေထိုင်မှုဓလေ့ထုံးစံ၊ လာချိဒ်စာပေ၊ ရိုးရာအဝတ်အထည်ရက်လုပ်မှုနှင့် ဝတ်စားဆင်ယင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ လာချိဒ်တိုင်းရင်းသားဦးဆောင်သူ ဘိုးဘွားများ၏ မှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

လာချိဒ် တစ်မျိုးသားလုံး၏ ရိုးရာမနောပွဲတော်ကို မတ် ၂ ရက်မှ စတင်ကျင်းပပြီး ညပိုင်းတွင် လာချိဒ်တိုင်းရင်းသား အဆိုတော်များ၏ တေးသီချင်းသီဆိုမှုများ၊ လနတ်သမီး အလှပြိုင်ပွဲများ၊ ဈေးဆိုင်ခန်းများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အပိတ် မနောအကကို မတ် ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း လာချိဒ်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၅) ကျင်းပ

**နေပြည်တော် မတ် ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၅) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဝန်ထမ်းများ၏ ဗဟုသုတကျွမ်းကျင်စေရုံသာမက အသိပညာ၊ အတတ်ပညာများ တိုးပွားလာစေရေးနှင့် စွမ်းဆောင်ရည်တိုးတက်လာစေရေးအတွက် အပတ်စဉ်သောကြာနေ့တိုင်းစကားဝိုင်း (Friday Talk) ကို ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အုပ်ချုပ်ရေးကိုသာမက ပညာရပ်ဆိုင်ရာများကိုပါ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ ရာထူးအဆင့်ဆင့်အလိုက် ဆက်လက်လုပ်ဆောင်ရမည့် တာဝန်များနှင့် ဂရုပြုသိရှိထားရမည့် ကိစ္စရပ်များကို သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ အမှုထမ်း၊ အရာထမ်းများအနေဖြင့် ဝန်ကြီးရုံး အပါအဝင် ဦးစီးဌာနများ၏ လုပ်ငန်းများကို ဆက်စပ်သိရှိထားခြင်းဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အားစိုက်မှု၊ ခံယူမှုတို့ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်ဆိုင်ရာများကို သိရှိနားလည်ကျွမ်းကျင်ပြီး နိုင်ငံတကာ အစည်းအဝေးများတွင် ထိထိရောက်ရောက် ဆွေးနွေးနိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအစည်းအဝေးနှင့် ပြည်ပနိုင်ငံများသို့ ပညာသင်များသွားရောက်ရာတွင် အမြဲတမ်း ကိုယ့်နိုင်ငံဆိုသည့်စိတ်ဓာတ်ဖြင့် နိုင်ငံကို ကိုယ်စားပြုသွားရောက်ရခြင်းဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇ ) နှင့် MyCo : Myanmar Company Online ၏ လေးနှစ်တာကာလအတွင်း တုံ့ပြန်မှုများနှင့်စပ်လျဉ်း၍ “ Reflection on 4 years of the Myanmar Companies Law & MyCo: Myanmar Company Online” ဟူသော ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားကြသည်။



ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ အရာထမ်း / အမှုထမ်းများ Online အပါအဝင် စုစုပေါင်းဝန်ထမ်း အင်အား ၁၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များ လေ့လာဖူးမြော်ကြည်ညို



**နေပြည်တော် မတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များက ယနေ့ညနေပိုင်းတွင် သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။(ယာပုံ)

ဦးစွာ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်များအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့်၊ ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိက အဆောက်အဦ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့် တိုးတက်လာမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ကြွရောက်လာကြသော ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးများ၊ ဘွဲ့ခံလူပုဂ္ဂိုလ်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်း လုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၁၀၀၀ ကို လောက်ကိုင်မြို့ ပယ်စိမ်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်က ပေးအပ်လှူဒါန်းရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးစိုးလွင်ကျော်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## SME နှစ်ဆင့်ချေးငွေစီမံကိန်း လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုး တိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သော ငွေကြေးထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးနိုင်ရန် SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၁ နှင့် စီမံကိန်းအဆင့်-၂ တို့ကို ၂၀၁၆ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ SME နှစ်ဆင့်ချေးငွေစီမံကိန်း၏ လုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ကို ယနေ့တွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက MSME များသို့ အတိုးနှုန်းသက်သာသည့် ချေးငွေများ ပံ့ပိုးနိုင်ရန် SME လုပ်ငန်းရှင် တစ်ဦးလျှင် ချေးငွေကျပ် သန်း ၅၀၀ အထိ အရစ်ကျ ပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးခဲ့ပြီး ဆက်လက်၍လည်း ချေးငွေရယူလိုသည့် SME များသို့ ချေးငွေအသစ်များကို စဉ်ဆက်မပြတ် ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ စီမံကိန်း အဆင့်-၁ ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ငွေကျပ် ၅၇ ဒသမ ၆၃၄ ဘီလီယံဖြင့် မတည်ဆောင်ရွက်ခဲ့ပြီး SME လုပ်ငန်းရှင် ၂၆၉ ဦးသို့ ငွေကျပ် ၅၇ ဒသမ ၆၃၄ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ SME လုပ်ငန်းရှင်များက ပြန်လည်ပေးဆပ်သည့် ငွေများကို လှည့်လည်ရန်ပုံငွေစာရင်းသို့ ထည့်သွင်းပြီး အဆိုပါ ရန်ပုံငွေမှ SME လုပ်ငန်းရှင်၂၈၃ဦးသို့ ငွေကျပ် ၆၆ ဒသမ ၉၄၄ ဘီလီယံ ထပ်မံထုတ်ချေးနိုင်ခဲ့ပါကြောင်း၊ သို့ပါ၍ စီမံကိန်း အဆင့်-၁ တွင် ယခုဖေဖော်ဝါရီ ၂၈ ရက်အထိ SME လုပ်ငန်းရှင် ၅၅၂ ဦးသို့ ငွေကျပ် ၁၂၄ ဒသမ ၅၇၈ ဘီလီယံ ထုတ်ချေးခဲ့သည်ကို တွေ့ရှိရကြောင်း။

စီမံကိန်းအဆင့်-၂ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ စတင်၍ ငွေကျပ် ၁၉၄ ဒသမ ၉၆၅ ဘီလီယံဖြင့် မတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ မတည်ရန်ပုံငွေမှ SME လုပ်ငန်းရှင် ၁၃၀၆ ဦးသို့ ငွေကျပ် ၁၉၄ ဒသမ ၈၆၅ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါကြောင်း၊ SME လုပ်ငန်းရှင်များက ပြန်လည်ပေးဆပ်ငွေများကို လှည့်လည်ရန်ပုံငွေစာရင်းသို့ ထည့်သွင်းပြီး အဆိုပါ ရန်ပုံငွေမှ SME လုပ်ငန်းရှင် ၂၅၄ ဦးသို့ ငွေကျပ် ၆၆ ဒသမ ၃၈၆ ဘီလီယံ ထပ်မံထုတ်ချေးနိုင်ခဲ့သဖြင့် စီမံကိန်းအဆင့်-၂ တွင် ယခုဖေဖော်ဝါရီ ၂၈ ရက် အထိ SME လုပ်ငန်းရှင် ၁၅၆၀ သို့ ငွေကျပ် ၂၆၁ ဒသမ ၂၅၁ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် SME လုပ်ငန်းရှင်များအတွက် အရေးပေါ်ချေးငွေ (Emergency Loan) အဖြစ် SME လုပ်ငန်းရှင် ၅၇၄ ဦးသို့ ငွေကျပ် ၇၁ ဒသမ ၇၃၁ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါကြောင်း။

စီမံကိန်းအဆင့်-၁ နှင့် စီမံကိန်းအဆင့်-၂ တို့၏ လှည့်လည်ရန်ပုံငွေစာရင်းတွင် ကျန်ရှိနေသည့် ရန်ပုံငွေများအား စီမံကိန်းတွင် ပါဝင်သည့် ဘဏ်များမှ တစ်ဆင့် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ SME ချေးငွေစံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများကို ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက် စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက နှစ်ဆင့်ချေးငွေထုတ်ချေးထားမှုနှင့် ဆက်လက်ထုတ်ချေးမည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ရာ တက်ရောက်ကြသည့် လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု သုံးသပ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

*ကျောဖုံးမှ*

### အဖွဲ့ဝင်ဖြစ်ရေးကြိုးပမ်း

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့်ASEAN Senior Amateur Golf Associations အဖွဲ့ဝင်ဖြစ်လာရန် ကြိုးပမ်းခဲ့ရာ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ရက်တွင် ကန့်ကွက်မဲမရှိဘဲ အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူ လက်ခံခဲ့ရာ ခုနစ်နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။

ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီယား နိုင်ငံတို့မှာလည်း ASEAN Senior Amateur Golf Associations အဖွဲ့ဝင်ဖြစ်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

မြန်မာစီနီယာအပျော်တမ်း ဂေါက်သီးရိုက်အားကစားအဖွဲ့ (Myanmar Senior Amateur Golfer's Associations)ဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးလှမြင့်ရွှေ ( မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်)၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းအောင်၊ ဦးကျော်ဝင်း၊ ဦးစိုးလှိုင်၊ ဦးမိုးဆန်းအောင်နှင့် ဦးကျော်စိန်လင်း၊ အတွင်းရေးမှူးအဖြစ် ဦးဝင်းမြင့်ချင်း ( မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါက်တာမြင့်ဦး ( မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး) တို့ ပါဝင်ကြသည်။

**ကိုညီလေး**

# အာဆီယံ - တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး တိုးတက်စေရေးတွင် ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ပံ့ပိုးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် အမေးအဖြေကဏ္ဍ

**မေး – အာဆီယံရဲ့ Dialogue Partnership အကြောင်းနဲ့ မြန်မာနိုင်ငံမှ အာဆီယံ Dialogue Partnership အခန်းကဏ္ဍမှာ မည်ကဲ့သို့ပါဝင်ဆောင်ရွက်နေတဲ့အကြောင်း ကနဦးအနေနဲ့ မိတ်ဆက်ပြောပြစေလိုပါတယ်။**

ဖြေ – အာဆီယံပဋိညာဉ်စာတမ်းရဲ့ အပိုဒ်(၄၁)အရ အာဆီယံဟာ ပြင်ပနိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးထားရှိပြီး အပြန်အလှန်အကျိုးစီးပွားအတွက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံနဲ့ မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့ နိုင်ငံများအနေနဲ့လည်း အာဆီယံပဋိညာဉ်စာတမ်းရဲ့ အခြေခံမူများကို လိုက်နာရမှာ ဖြစ်ပါတယ်။

အာဆီယံနဲ့ ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်ထားတဲ့(၁၁)နိုင်ငံက ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ ဖြစ်ကြပါတယ်။ အာဆီယံနဲ့ ကဏ္ဍအလိုက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားတဲ့(၆)နိုင်ငံက ဘရာဇီးလ်၊ နော်ဝေး၊ ပါကစ္စတန်၊ ဆွစ်ဇာလန်၊ တူကီယဲ၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတို့ ဖြစ်ကြပြီး အာဆီယံနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့(၄)နိုင်ငံတွေက ချီလီ၊ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီတို့ ဖြစ်ပါတယ်။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာဆီယံအပေါင်းသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနဲ့ အာဆီယံဒေသဆိုင်ရာဖိုရမ်တို့ပဲ ဖြစ်ကြပါတယ်။

အာဆီယံနဲ့ ပြင်ပဆက်ဆံရေးမှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှာ အာဆီယံသည် အဓိကဦးဆောင်သူဖြစ်ပြီး အာဆီယံအဓိကကျမှုကို ထိန်းသိမ်းထားပါတယ်။ စည်းလုံးညီညွတ်မှုကို အခြေခံပြီး တူညီဆန္ဒရရှိရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ အာဆီယံဆွေးနွေးဘက်နိုင်ငံများနဲ့ ဆက်ဆံရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူဆောင်ရွက်ရပါတယ်။ ညှိနှိုင်းရေးမှူးနိုင်ငံဟာ အာဆီယံရဲ့ အခြေခံမူများနဲ့အညီ အပြန်အလှန်လေးစားမှုအပေါ် အခြေခံပြီး ဆက်ဆံရေးမြှင့်တင်နိုင်ဖို့ အာဆီယံကိုကိုယ်စားပြု ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။ အာဆီယံနဲ့ ပြင်ပမိတ်ဖက်နိုင်ငံများနဲ့ ပြုလုပ်တဲ့အစည်းအဝေးများမှာ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်တာကာလအတွက် ဖိလစ်ပိုင်နိုင်ငံထံမှ လွှဲပြောင်းရယူခဲ့ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးတိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး – မြန်မာနိုင်ငံမှ လက်ရှိ တာဝန်ယူဆောင်ရွက်နေတဲ့ တရုတ်နိုင်ငံရဲ့ ညှိနှိုင်းရေးမှူးနိုင်ငံအနေနဲ့ အဓိကတာဝန်ယူဆောင်ရွက်ပေးခဲ့ရတဲ့ အတွေ့အကြုံများကို သိရှိလိုပါတယ်။**

ဖြေ – ၁၉၉၁ ခုနှစ် အာဆီယံ-တရုတ်ဆက်ဆံရေးစတင်ချိန်မှစလို့ အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံရေးဟာ အာဆီယံရဲ့ အတက်ကြွဆုံးနဲ့ အနှစ်သာရအရှိဆုံး ဆွေးနွေးဖက်ဆက်ဆံရေးများအနက်တစ်ခု ဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်လုံးမှာ ပြည့်စုံကျယ်ပြန့်တဲ့ယန္တရားများ တည်ထောင်ခဲ့ပြီး ဆယ်စုနှစ်(၃)ခုအတွင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး ခိုင်မာနက်ရှိုင်းကာ အပြန်အလှန်အကျိုးစီးပွားကို ဖြစ်ထွန်းစေတဲ့အပြင် ဒေသတွင်း အေးချမ်းတည်ငြိမ်သာယာဝပြောရေးကို အထောက်အပံ့ဖြစ်စေတာမို့ အာဆီယံ-တရုတ်ဆက်ဆံရေးဟာ အာဆီယံအတွက် အရေးကြီးတဲ့ ဆွေးနွေးဖက်ဆက်ဆံရေးတစ်ခု ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုဟာ ကဏ္ဍစုံပြည့်စုံကျယ်ပြန့်တာမို့ ညှိနှိုင်းရေးမှူးနိုင်ငံရဲ့ တာဝန်ဟာ များပြားလှပါတယ်။

အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေးမှာ အဓိကမဏ္ဍိုင်(၂)ရပ်ကတော့ အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာကျတဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅)နဲ့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်(DOC)အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်တို့ဖြစ်ပြီး ၎င်းတို့ဟာ အာဆီယံ-တရုတ် ဆက်ဆံရေးအတွက် လမ်းပြမြေပုံပဲဖြစ်ပါတယ်။ ဦးစွာ လုပ်ငန်းစီမံချက်နဲ့ပတ်သက်ပြီး ရှင်းပြလိုပါတယ်။ DOC Work Plan ကို သီးခြားရှင်းပြပါမယ်။ လုပ်ငန်းစီမံချက်ဟာ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်ဖြစ်တဲ့ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုစတဲ့ကဏ္ဍအားလုံးပါဝင်ပြီး ပြည့်စုံကျယ်ပြန့်တဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေဖြစ်တာမို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် (Sectoral bodies) အသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါတယ်။ ညှိနှိုင်းရေးမှူးနိုင်ငံအနေနဲ့ အဆိုပါလုပ်ငန်းစီမံချက်ရဲ့ တိုးတက်မှုအစီရင်ခံစာကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနဲ့ ညှိနှိုင်းပြုစုပြီး နှစ်စဉ် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးသို့ တင်ပြရပါတယ်။



အာဆီယံ – တရုတ် မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံ – တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပစဉ်။ (၇-၇-၂၀၂၁ ရက်)

အာဆီယံ – တရုတ် မဟာဗျူဟာကျတဲ့ မိတ်ဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်မှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ – တရုတ် မဟာဗျူဟာကျတဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မျှော်မှန်းချက်စာတမ်း (၂၀၃၀)နဲ့ အာဆီယံ – တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အထူးထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ – တရုတ် ပူးတွဲကြေညာချက်တို့ဟာလည်း အာဆီယံ-တရုတ်ဆက်ဆံရေးရဲ့ အရေးကြီးတဲ့ နိုင်ငံရေးစာတမ်းများဖြစ်ပြီး အနာဂတ်လုပ်ငန်းစဉ်တွေဖြစ်တာမို့ ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့ ညှိနှိုင်းရေးမှူးနိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရပါတယ်။

နှစ်အလိုက် ဦးစားပေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာမှာလည်း မြန်မာနိုင်ငံအနေနဲ့ ဆွေးနွေးဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အဆိုပြုချက်တွေကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ ဆက်လက်အကြောင်းကြားပြီး အဖွဲ့ဝင်နိုင်ငံများရဲ့ တူညီဆန္ဒနဲ့အညီ တရုတ်ဘက်နဲ့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရပါတယ်။ ထိုနည်းတူစွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ဘုံစိတ်ဝင်စားမှုရှိတဲ့ ကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုတွေမြှင့်တင်ဖို့ တရုတ်ဘက်နဲ့ ညှိနှိုင်းပေးရပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံက အဓိကမောင်းနှင်စွမ်းအားဖြစ်ဖို့နဲ့ ဒေသတွင်း ဗိသုကာ တည်ဆောက်မှုပုံစံကို ထိန်းသိမ်းရာမှာ အာဆီယံအဓိကကျမှုကို ထိန်းသိမ်းဖို့လည်း အရေးကြီးပါတယ်။

နှစ်စဉ်ကျင်းပလေ့ရှိတဲ့ အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ ရလဒ်ကောင်းများရရှိဖို့ ကြိုတင်ပြင်ဆင်မှုအနေနဲ့ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲကို နှစ်စဉ် ဧပြီလ သို့မဟုတ် မေလမှာ ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပါတယ်။ အစည်းအဝေးကျင်းပရေးအတွက် နေရာ၊ နေ့ရက်၊ ဆွေးနွေးမယ့်ဘာသာရပ်အစီအစဉ်တို့ကိုလည်း ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ အာဆီယံအကြား ညှိနှိုင်းသဘောတူညီမှုရရှိဖို့ ဆောင်ရွက်ပေးရပါတယ်။

အဲဒီလိုညှိနှိုင်းဆောင်ရွက်ပေးရာမှာ မူဝါဒချမှတ် ဆောင်ရွက်ရတဲ့ ကိစ္စတွေနဲ့ ခေါင်းဆောင်အဆင့် ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်မယ့် ပူးတွဲကြေညာချက်အတွက် သဘောတရားစာတမ်းတွေ ညှိနှိုင်းရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနက အာဆီယံနဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေအကြား ဦးစွာညှိနှိုင်းသဘောတူညီမှု ရယူပါတယ်။ သဘောတရားစာတမ်းဆိုတာကတော့ ပူးတွဲကြေညာချက်ထုတ်ပြန်ရတဲ့ နောက်ခံအကြောင်းတရား၊ ရည်ရွယ်ချက်၊ ပူးတွဲကြေညာချက်မှာ ထည့်သွင်းဖော်ပြမယ့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ဖော်ပြထားတဲ့စာတမ်း ဖြစ်ပါတယ်။ အဲဒီသဘောတရားစာတမ်းအပေါ် မူအားဖြင့် သဘောတူညီမှုရရှိပြီးတဲ့နောက် ပူးတွဲကြေညာချက်မူကြမ်းရဲ့ စာသားတွေကို ဆက်လက်ညှိနှိုင်းရာမှာတော့ ဂျကာတာမှာရှိတဲ့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ဦးဆောင်ပြီး အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ(CPR)နဲ့ တရုတ်အဖွဲ့ရုံးတို့အကြား ဆက်လက်ညှိနှိုင်းကြတာဖြစ်ပါတယ်။ သိမ်မွေ့နက်နဲတဲ့ အချို့ကိစ္စရပ်တွေဖြစ်တဲ့ တောင်တရုတ်ပင်လယ်မှာ နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်(DOC) အကောင်အထည်ဖော်ရေးနဲ့ပတ်သက်တဲ့ ပူးတွဲကြေညာချက်ကို ညှိနှိုင်းရာမှာတော့ ကြေညာချက်ရဲ့ မူဘောင် ( Structure of Joint Statement)ကို Head Quarter က ညှိနှိုင်းပြီး ကျန်အပိုင်းကို CPR မှာ ညှိနှိုင်းကြတာပဲ ဖြစ်ပါတယ်။

အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ထူးခြားချက်မှာ နှစ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးနှစ်များ သတ်မှတ်လေ့ရှိတာဖြစ်ပါတယ်။ ယခင်နှစ် ၂၀၂၂ ခုနှစ်ကို အာဆီယံ-တရုတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ယခုနှစ် ၂၀၂၃ ခုနှစ်ကိုတော့ အာဆီယံ-တရုတ် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အစားအစာဖူလုံရေးပူးပေါင်းဆောင်ရွက်မှုနှစ်အဖြစ် သတ်မှတ်ထားပါတယ်။ လာမယ့်နှစ် ၂၀၂၄ ကိုတော့ အာဆီယံ-တရုတ် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှစ်အဖြစ် သတ်မှတ်ကာ ပြည်သူအချင်းချင်း ထိတွေ့ဖလှယ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်။

**မေး – မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေနဲ့ လိုက်ပါဆောင်ရွက်နေသလို Dialogue Partnership ဘက်မှာလည်း ပြည့်ဝစွာလုပ်ဆောင်နေတယ်ဆိုတာ ဘယ်လိုအချက်အလက်တွေအရ သိသာ မြင်သာနိုင်ပါသလဲ။**

ဖြေ – မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ကို စတင်ဝင်ရောက်တဲ့ ၁၉၉၇ ခုနှစ်မှစတင်ပြီး အာဆီယံပဋိညာဉ်စာတမ်းကို လိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ဝတ္တရားများကို မပျက်မကွက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီး အာဆီယံအဖွဲ့ကြီးနဲ့ မိမိတို့ဒေသအသိုက်အဝန်းအတွက် အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်ခဲ့ပါတယ်။

အလားတူ မြန်မာနိုင်ငံက ညှိနှိုင်းရေးမှူးတာဝန်ယူချိန်ကစလို့ အာဆီယံ-တရုတ် ဆက်ဆံရေးမှာ ထင်ရှားတဲ့တိုးတက်မှုတွေရှိခဲ့ပြီး အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်ကို ပံ့ပိုးမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်တို့ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ (၂၄)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

အာဆီယံ-တရုတ် ဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်သစ်အဖြစ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ဖို့ မြန်မာနိုင်ငံက အာဆီယံနဲ့ တရုတ်အကြား ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ရာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှာ ကျင်းပတဲ့ အာဆီယံ-တရုတ် ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အထူးထိပ်သီးအစည်းအဝေးမှာ အာဆီယံ-တရုတ် ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် ထူထောင်ကြောင်း ကြေညာနိုင်ခဲ့ပါတယ်။ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ မြန်မာနိုင်ငံရဲ့ ဦးဆောင်ညှိနှိုင်းမှုနဲ့ အာဆီယံ - တရုတ် လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) ၏နောက်ဆက်တွဲကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွင်းပြုလုပ်ခဲ့တဲ့ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ဦးဆောင်ညှိနှိုင်းမှုနဲ့ တောင်တရုတ်ပင်လယ်မှာ နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်း နှစ် (၂၀) ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ပူးတွဲကြေညာချက်၊ အာဆီယံ - တရုတ် သာတူညီမျှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နဲ့ အစားအစာဖူလုံရေးဆိုင်ရာ ပူးတွဲကြေညာချက်များကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာဆီယံ - တရုတ် ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ်ကို ညှိနှိုင်းဆွေးနွေးမှုမှာလည်း မြန်မာနိုင်ငံက အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးညှိနှိုင်းမှု (၅)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ တိုးတက်မှုများလည်း ရှိပါတယ်။

ယင်းသို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်များကို ဆောင်ရွက်နေသည့်ကြားမှာပဲ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ မိမိတို့ပြည်တွင်းနိုင်ငံရေး အခြေအနေကို အသုံးချပြီး မြန်မာနိုင်ငံကို အခြားသော အာဆီယံနိုင်ငံများနဲ့ တန်းတူမဟုတ်သည့် ဆက်ဆံရေးမျိုးကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများနှင့် ထိပ်သီးအစည်းအဝေးများကို အာဆီယံ ပဋိညာဉ်စာတမ်းနှင့်အညီ တန်းတူရည်တူ ဖိတ်ကြားခြင်းမခံရတဲ့အတွက် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများနဲ့ အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ယင်းအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရလဒ်ကောင်းများရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သလို အဆိုပါအစည်းအဝေးများအတွက် Document kit ဖြန့်ဝေခြင်းအပါအဝင် ယင်းအစည်းအဝေးများမှာ အာဆီယံဥက္ကဋ္ဌက ဖတ်ကြားတဲ့ ASEAN Common Statement ကိုလည်း တာဝန်သိ ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကပဲ ရေးသားပြုစု ညှိနှိုင်းဖြန့်ဝေပေးခဲ့ရပါတယ်။

ဒီအချက်တွေဟာ မြန်မာနိုင်ငံဟာ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ညှိနှိုင်းရေးမှူး နိုင်ငံတာဝန်ကို ပြည့်ဝစွာလုပ်ဆောင်နေတယ်ဆိုတာကို သိသာထင်ရှားစေပါတယ်။

**မေး - အထက်မှာ ဖြေကြားခဲ့ရာမှာ မြန်မာနိုင်ငံအနေနဲ့ DOC အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ရဲ့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ နိုင်ငံတကာစိတ်ဝင်စားမှုမြင့်မားတဲ့ ဒီတောင်တရုတ်ပင်လယ်အရေးကိစ္စကို အာဆီယံနဲ့ တရုတ်အကြား ဘယ်လိုညှိနှိုင်းဆောင်ရွက်နေပြီး တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး (COC) ဆွေးနွေးမှုမှာ တိုးတက်မှုတွေ ဘယ်လောက်အတိုင်းအတာအထိရနေပြီလဲဆိုတာ သိလိုပါတယ်။**

ဖြေ - တောင်တရုတ်ပင်လယ်အပါအဝင် ဒေသတွင်း အေးချမ်းတည်ငြိမ်မှုကို ထိန်းသိမ်းဖို့ အာဆီယံနှင့် တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်ကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဆိုပါ ကြေညာချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့က ပူးတွဲလက်မှတ်ရေးထိုးခဲ့တဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ပထမဆုံး နိုင်ငံရေးစာတမ်းတစ်ရပ်ဖြစ်တဲ့အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး တောင်တရုတ်ပင်လယ် အေးချမ်းတည်ငြိမ်ရေးကို ထိန်းသိမ်းဖို့နဲ့ အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် နိုင်ငံရေးကတိကဝတ် ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးဖြစ်တာမို့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ DOC အကောင်အထည်ဖော်ရေးမှာ အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး(JWG-DOC)နဲ့ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM-DOC) ဆိုပြီး လုပ်ငန်းစဉ်များ ရှိပါတယ်။ အာဆီယံ - တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM-DOC) မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ဆောင်ရွက်ပြီး အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး(JWG-DOC)မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်က ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကပ်ရောဂါရဲ့ စိန်ခေါ်မှုများ ရှိခဲ့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံအနေဖြင့် DOC အပြည့်အဝ ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် ၁၉၈၂ ခုနှစ်၊ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာဥပဒေနှင့်အညီ ထိရောက်၍ အနှစ်သာရပြည့်ဝတဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ အပြီးသတ်ရေးအတွက် တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး(COC)ညှိနှိုင်းမှုကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်ခြင်းမှတစ်ဆင့် ထိရောက်၍ အနှစ်သာရပြည့်ဝတဲ့ COC အပြီးသတ်ရေးအတွက် အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက ပူးတွဲဥက္ကဋ္ဌအဖြစ် လုပ်ငန်းအဖွဲ့အစည်းအဝေး (၅)ကြိမ်ကို ပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုများမှာ တိုးတက်မှုများ ရှိခဲ့ပါတယ်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ဆွေးနွေးဖက်တရုတ်နိုင်ငံနဲ့ ကျင်းပတဲ့ အစည်းအဝေးမှာ အာဆီယံနှင့် တရုတ်နိုင်ငံအနေဖြင့် COC ဆွေးနွေးညှိနှိုင်းမှုကို အရှိန်မြှင့်တင်ရန် ပြင်းပြတဲ့ ရည်မှန်းချက်ကို ထပ်လောင်းခိုင်မာစေပြီး တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ရဲ့ တစ်ခုတည်းသောညှိနှိုင်းစာသားကို ဒုတိယအကြိမ် ဆွေးနွေးခြင်းကို ဆောလျင်စွာအပြီးသတ်ဖို့ မျှော်မှန်းခဲ့ကြပါတယ်။ ဆွေးနွေးမှုမှာ တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံးရဲ့ တစ်ခုတည်းသော ညှိနှိုင်းစာသား၏ အထွေထွေပြဋ္ဌာန်းချက်၊ အခြေခံတာဝန်ယူဆောင်ရွက်ရမယ့် ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပါတယ်။

DOC အကောင်အထည်ဖော်ရေးနဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ညှိနှိုင်းမှုကို အရှိန်မြှင့်တင်ဖို့ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုလည်း မြန်မာနိုင်ငံက ပြုစုဖြန့်ဝေပေးခဲ့ပါတယ်။ လုပ်ငန်းစီမံချက်အောက်မှာ အဏ္ဏဝါသိပ္ပံသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် အဏ္ဏဝါသိပ္ပံသုတေသနသင်တန်းတို့ကို ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်တွေမှာ အသီးသီး ပြုလုပ်ခဲ့ပါတယ်။

၂၀၂၂ ခုနှစ်သည် တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) လက်မှတ်ရေးထိုးခြင်း နှစ်(၂၀)ပြည့် နှစ်ပတ်လည် အခါသမယဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုနှင့် ကြိုးပမ်းမှုအောက်မှာ အာဆီယံနဲ့ တရုတ်နိုင်ငံအနေဖြင့် DOC နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ပူးတွဲကြေညာချက်ညှိနှိုင်းမှုမှာ တူညီဆန္ဒရရှိခဲ့ပြီး အဆိုပါပူးတွဲကြေညာချက်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာဆီယံ - တရုတ် ထိပ်သီးအစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပါတယ်။

DOC လက်မှတ်ရေးထိုးခြင်း နှစ်(၂၀)ပြည့် နှစ်ပတ်လည်အခါသမယကို ဆင်နွှဲတဲ့အနေနဲ့ DOC နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရီမြို့မှာ လည်းကောင်း အွန်လိုင်းနဲ့ အော့ဖ်လိုင်း ပုံစံ(၂)မျိုးဖြင့် အောင်မြင်စွာ ကျင်းပခဲ့ရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးက အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ အာဆီယံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်က Moderator အဖြစ် ဆောင်ရွက်ခြင်း၊ COC ဆွေးနွေးခြင်းအပိုင်းမှာ Speaker အဖြစ် ဆောင်ရွက်ခြင်းတို့ဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ရလဒ်များဖြစ်စေမယ့် COC ဆွေးနွေးမှုလုပ်ငန်းစဉ်မှာ ရှေ့ဆက်သွားနိုင်မယ့် နည်းလမ်းများကို မျှဝေဆွေးနွေးခဲ့ကြပါတယ်။



၇-၇-၂၀၂၁ ရက်က ကျင်းပသည့် အာဆီယံ - တရုတ် မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်စဉ်။

၂၀၂၁ ခုနှစ်က အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ထိပ်သီးအထူးအစည်းအဝေးမှာ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို အာဆီယံ - တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) အဖြစ် တည်ထောင်ပြီးဖြစ်ပါတယ်။ အာဆီယံ-တရုတ် ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးနဲ့ DOC အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ရဲ့ ပူးတွဲဥက္ကဋ္ဌဖြစ်တဲ့ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးစတင်မှုမှတစ်ဆင့် အပြုသဘောဆောင်တဲ့ စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး COC ဆိုင်ရာ ညှိနှိုင်းစာသားကို ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးခြင်း (Second reading of the Single Draft Negotiating Text of the COC)မှာ တိုးတက်မှုများရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ပေးရာမှာ အာဆီယံနဲ့ တရုတ်နိုင်ငံနှစ်ဖက်စလုံးမှ လိုက်လျောညီထွေမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပေးအယူမျှတမှုတို့ဖြင့် ဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းပေးသွားဖို့ရှိပါတယ်။

**မေး - နောက်ဆုံးမေးခွန်းအနေနဲ့ အာဆီယံအဖွဲ့အတွက် တရုတ်နိုင်ငံရဲ့ အရေးပါမှုကို ဘယ်လိုသုံးသပ်နိုင်ပါသလဲ။**

ဖြေ - တရုတ်ဟာ အာဆီယံရဲ့ အရေးကြီးတဲ့ မိတ်ဖက်နိုင်ငံဖြစ်သလို အာဆီယံဟာ တရုတ်အတွက် အရေးကြီးတဲ့ မိတ်ဖက်အဖွဲ့အစည်း ဖြစ်ပါတယ်။ အထက်မှာပြောခဲ့သလို အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးဟာ အာဆီယံရဲ့ အတက်ကြွဆုံးနဲ့ အနှစ်သာရအရှိဆုံး ဆွေးနွေးဖက်ဆက်ဆံရေးများအနက် တစ်ခုဖြစ်ပြီး အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံထဲမှာ တရုတ်ဟာ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး(CSP)ပထမဆုံး ထူထောင်ခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့ဟာ ၂၀၂၁ ခုနှစ်မှာ အာဆီယံရဲ့ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (CSP) နိုင်ငံများ ပထမဆုံးဖြစ်လာကြပြီးနောက်မှာ အခြားဆွေးနွေးဖက်နိုင်ငံများကလည်း အာဆီယံနဲ့ CSP ဆက်ဆံရေးထူထောင်ဖို့ အဆိုပြုလာကြခြင်း ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အာဆီယံကို ဦးစားပေးနေရာထားရှိပြီး အိမ်နီးချင်းကောင်းဆက်ဆံရေး ထားရှိပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၃ ခုနှစ်မှာ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (TAC)သို့ ပထမဆုံးဝင်ရောက်ခဲ့တဲ့ ဆွေးနွေးဖက်နိုင်ငံ ဖြစ်ပါတယ်။ အခုနှစ် ၂၀၂၃ မှာဆိုရင် တရုတ်နိုင်ငံက TAC သို့ ဝင်ရောက်ခဲ့တဲ့ နှစ် (၂၀) ပြည့် နှစ်ပတ်လည်အခါသမယပဲ ဖြစ်ပါတယ်။ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(TAC)သို့ တရုတ်နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဟာ TAC ကို ဒေသတွင်း နိုင်ငံများအကြားဆက်ဆံရေး(inter-state relations)အတွက် ကျင့်ထုံး(Code of Conduct)အဖြစ် TAC ရဲ့ အရေးပါမှုကို များစွာအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ အလားတူ တရုတ်နိုင်ငံဟာ အရှေ့တောင်အာရှနျူကလီးယားကင်းမဲ့ဇုန် သဘောတူစာချုပ်မှာ ခြွင်းချက်မထားဘဲ လက်မှတ်ရေးထိုးဖို့ ဆန္ဒရှိကြောင်း ပထမဆုံးထုတ်ဖော်ပြောကြားခဲ့တဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာလည်း အာဆီယံနဲ့ တရုတ်နိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်ကစတင်လို့ အပြန်အလှန် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတွေဖြစ်ကြပြီး ၂၀၂၁ ခုနှစ်မှာ အာဆီယံနဲ့ တရုတ်အကြား

*စာမျက်နှာ ၁၁ သို့*

# သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်စေဖို့ . . . လူသာလျှင်ပဓာန

နွေကံ့ကော်(မြို့လှ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည့် သတင်းကို ၂၆-၂-၂၀၂၃ ရက်က မြဝတီရုပ်မြင်သံကြားတွင် ကြည့်လိုက်ရပါသည်။ **“မည်သည့်ကိစ္စတွင်မဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ လူသာလျှင် ပဓာနဟု ဆိုကြခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အရေးကိစ္စအားလုံး၌ လူပါဝင်ဆောင်ရွက်ရပြီး လူ၏ ဦးဆောင်မှု၊ လူ၏ လိုက်နာဆောင်ရွက်မှု၊ လူ၏ ပြုပြင်ဖန်တီးမှုတို့သည် အဓိကကျကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းမြင့်မားနေစေရေး ဆောင်ရွက်ရမည်”** ဟူသော လမ်းညွှန်ချက်ကို ရုပ်မြင်သံကြားမှတစ်ဆင့်နာခံရင်း အခုရက်ပိုင်းအတွင်း ကျွန်တော့်အာရုံထဲရှိနေသည့် အကြောင်းအရာလေးတစ်ခု ခေါင်းထဲပြန်ရောက်လာခဲ့ပါသည်။ လက်ရှိ ကျွန်တော်နေရသည့် အိမ်သစ်သို့ပြောင်းရွှေ့ခဲ့သည်မှာ လပိုင်းမျှသာရှိပါသေးသည်။

“ကျောက်မြေတွေဖြစ်လို့ ဖြစ်လောက်မှာ မဟုတ်ဘူးနော် ”

“ဟုတ်တယ် ရေကလည်း နွေရောက်လို့ရှားပြီ”

လက်ရှိအိမ်သစ်လေးကို ပြောင်းလာပြီး နောက်တစ်နေ့မှာပဲ အိမ်ရှေ့မြေကွက်လပ်မှာ စံပယ်ပင်များစိုက်နေသည့် ကျွန်တော့်ကိုဘေးအိမ်က လုပ်ဖော်ကိုင်ဖက်တွေရော ဇနီးသည်ကပါ အထက်ပါအတိုင်း မဖြစ်နိုင်ရေးအမြင်ကို ဆိုခဲ့ကြသည်။ သူတို့မှ မဟုတ်ပါ။ တခြားမည်သူမဆို အများစုက ထိုသို့သာပြောကြမည်ဖြစ်ပေသည်။ တကယ်တမ်းမှာလည်း ကျွန်တော်နေရမည့် လိုင်းခန်းသစ်လေးကို ဆောင်းအကုန်နွေအကူးကာလမှာ ရောက်ရှိခဲ့ခြင်းဖြစ်သလို နေရသည်မှာလည်း နေပြည်တော်လိုနေရာဖြစ်၏။ နွေရောက်တိုင်း ပူလွန်းလှသည့် အပူပြဿနာအပြင် ရေဒုက္ခကလည်း မသေးလှပေ။ ထိုအချိန်မျိုး၌ အပင်စိုက်ဖို့ပြင်သော ကျွန်တော့်အား သူတို့ ထူးဆန်းကြသည်မှာ အလွန်တော့မဟုတ်။ ဒါပေမဲ့လည်း ကျွန်တော့်မှာ ခံယူချက်နှင့် ယုံကြည်ချက် တစ်ခုရှိသည်။ ဒီအချိန်မှာတော့ သူတို့ကိုဘာမျှပြန်မပြောဖြစ်ခဲ့။ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် တပ်အသီးသီးရှိ ရိပ်သာများတွင် သီးပင်စားပင်နှင့် အရိပ်ရပင်လေးများစိုက်လေ့ရှိသည်မှာ ကျွန်တော့်အကျင့်ပင်ဖြစ်သည်။ ရှေ့တန်းနောက်တန်း နေရာမရွေးဘဲ ရသည့်အချိန် ရသည့်နေရာမှာ စိုက်ပျိုးသည်။ ရှေ့လူတွေ စိုက်ပျိုးခဲ့သော အသီးအရွက်များကို စားရတိုင်း သူတို့ကိုကျေးဇူးတင်မိသည်။ အရိပ်ခိုရတိုင်းလည်း ထိုနည်းတူစွာပင်။

နှစ်လတာအတွင်းမှာပဲ အိမ်သစ်လေးရှေ့ စိုက်ပျိုးထားသည့် ချဉ်ပေါင်၊ ကိုက်လန်၊ တိုင်ထောင်ပဲ၊ ကန်စွန်း၊ ရုံးပတီ စသည့် စိုက်ပေါင်အသီးသီးမှ အသီးအရွက်များက စိမ်းစိုဝေဆာစွာသီးပွင့်လာကြသည်။ မဖြစ်လောက်ပါဘူးဟု အများထင်ထားကြသည့် စံပယ်ပင်လေးများက စိုက်ထားသည့်အပင်တိုင်းလိုလို ရွက်စိမ်းလေးများ ဝေလာကြသည်။ တစ်ပင် ၃၀၀၀ နှုန်းဖြင့် ဝယ်စိုက်ထားသော ကံ့ကော်ပင်လေးနှင့် မိတ်ဆွေတစ်ဦးဆီမှ တောင်းထားသော ကံ့ကော်ပင်လေးများကလည်း ဆက်လက်ရှင်သန်



နေကြပြီမို့ အပွင့်ပွင့်မည့်အချိန်ကိုသာ ကျွန်တော်မျှော်မိသည်။ စိုက်ချင်သည့်အပင်အားလုံး ဝယ်စိုက်ရန် မတတ်သာသည်မို့ လိုင်းထဲကမိသားစုဝင်တွေဆီကနေ စံပယ်ပင်တောင်းသလို ဟိုလူ့ဆီက သနပ်ခါးပင်တောင်း၊ ဒီလူ့ဆီက နှင်းဆီ၊ ရွက်လှများတောင်းကာ ကျွန်တော့်အိမ်ရှေ့လေးကို တန်ဆာဆင်ခဲ့ရသည်။ နွေဝင်တော့မည်မို့ အပင်မစိုက်ခင် ပေါင်အရင်ဖော်သည်။ ကျောက်မြေမို့ ကျောက်သားများ မကျန်အောင်လုပ်ရသည်။ မလုပ်လျှင်ဘာမှဖြစ်မလာမှာမို့ ညနေရုံးဆင်းပြီ ဆိုသည်နှင့် ပေါက်တူးဆွဲကာ တစ်ပေါင်ပြီးပြီး နှစ်ပေါင်ပြီးပြီး ဟူသောခံယူချက်ဖြင့် စိုက်ခင်းပေါင်လေးများကို အစပျိုးခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ရေလောင်းပြီးထားလိုက်သည်။ တပ်ရင်း နွားခြံနှင့် ဆိတ်ခြံတို့မှ နွားချေး၊ ဆိတ်ချေးများအား ဆိုင်ကယ်ဖြင့်သွားသယ်သည်။ ရုံးဖွင့်ရက်ပင်ဖြစ်လင့်ကစား နေ့လယ်ထမင်းစားချိန် အိမ်ပြန်တိုင်း စိုက်ခင်းလေးအခြေအနေကို ဝင်ဝင်ကြည့်မိသည်။ စိုက်ပျိုးနည်း စနစ်တကျသိ၍ စိုက်ခြင်းတော့မဟုတ်ပေ။ သို့သော် စိုက်ရင်းပျိုးရင်း တတ်ကျွမ်းသူများဆီမှ အကြံဉာဏ်များယူရင်းဖြင့် ကိုယ်လိုချင်သည့် စိုက်ခင်းပုံစံလေးတစ်ခုကို ဖန်တီးလာနိုင်ခဲ့သည်။

မနက်မိုးလင်းမျက်နှာသစ်လျှင် စိုက်ခင်းလေးထဲပတ်ရင်း သွားတိုက်၊ မျက်နှာသစ်သည်။ ရေရှားသဖြင့် ရေချိုးချိန်တိုင်း စိုက်ခင်းထဲဝင်ချိုးသည်။ အိမ်ထဲရေချိုးခန်းမှထွက်သည့်ချိုးရေ၊ အဝတ်လျှော်ရေကို အိမ်ပြင်မှာ သားနို့မှုန့်ဘူးခွံလေးဖြင့်ခံထားသည်။ ထိုရေအား သံပရာပင်ခြေသို့လောင်းရသည်။ အားလုံး တစ်ပြေးညီ စိုက်ပျိုးခဲ့သော်လည်း ချဉ်ပေါင်ကို ဦးဆုံးစားရသည်။ ထို့နောက်မှ ပဲသီးနှင့် ရုံးပတီတို့ လိုက်လာသည်။ များများစိုက်တော့ များများပင်ပန်းသလို များများလည်းစားရသည်။ ဘူးညွှန့်လေးတွေက အခုဆို တလူလူဖြစ်နေပါပြီ။ မကြာမီ သီးတော့မည်။ သီးသည်ဖြစ်စေ၊ မသီးသည်ဖြစ်စေ စိမ်းစိုပြီး အညွှန့်တလူလူတက်နေသည့် အပင်လေးတွေကိုမြင်တွေ့ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှသည်။ ထိုအရာကား ကျွန်တော်တစ်ဦးတည်းခံစားရသည့် ကြည်နူးခြင်းမဟုတ်။ သစ်ပင်စိုက်သူတိုင်း ခံစားရသော ခံစားမှုပင်ဖြစ်သည်။

ကျင်းတူး၊ မြေပြင်၊ မြေဩဇာထည့်၊ ရေပုံမှန်လောင်းပေးနိုင်ခဲ့ခြင်း အကျိုးကျေးဇူးတို့ကြောင့် အပင်လေးများ ရှင်သန်ဖွံ့ထွားခဲ့သည်။ စိုက်ပျိုးရေးသမားစစ်စစ်ကဲ့သို့ ရာနှုန်းပြည့်အောင်မြင်သည်ဟု မဆိုသာသော်လည်း ကိုယ့်တစ်အိမ်နှင့် ပိုလျှံသည်များကို ဘေးအိမ်လေးများသို့ ဝေငှနိုင်ခဲ့ပါပြီ။ စိုက်ခင်းထဲဝင်လွန်းလှသော ကျွန်တော့်အား ဇနီးသည်က “အားရင်စိုက်ခင်းထဲပဲ သွားနေတော့တာပဲ ”ဟု ဆိုသည်အထိဖြစ်ရသည်။ တကယ်တော့ အထက်တွင် တင်ပြခဲ့သလို ကျွန်တော်စိုက်ပျိုးခြင်းသည် ကိုယ့်အိမ်လေး စိမ်းစိုအေးချမ်းခြင်းပုံရိပ်ကို မျှော်ကိုး၍ဖြစ်သည်။ မြင်သူတိုင်းကိုလည်း စိတ်ကြည်နူးစေလိုသည်။ စားပင်သီးပင်များမှ ရရှိသော အသီးအပွင့်များကြောင့် မီးဖိုချောင် စရိတ်ဖာထေးနိုင်သလို နှင်းဆီ၊ စံပယ်၊ ရွက်လှ၊ သပြေအစရှိသည့် အပင်လေးများ ကြီးထွားလာပါကလည်း ကိုယ့်အိမ်ဘုရားစင်သို့ ကြည်နူးစွာဆက်ကပ်နိုင်ပါဦးမည်။ ကိုယ့်တစ်အိမ်စာရှေ့ စိုက်ပျိုးပြီးသည့်နောက် အများနှင့်ဆိုင်သည့် နေရာများတွင်လည်း ခရေ၊ ပိတောက်၊ ရေတမာ၊ စိန်ပန်းပင်လေးများကို ကျွန်တော်စိုက်ပျိုးပေးနိုင်ခဲ့သည်။ ဤအပင်များ ကြီးထွားချိန်တွင် ကျွန်တော်လက်ရှိနေရာ၌ ရှိဖို့မသေချာသော်လည်း စိုက်ခဲ့ချင်သည်မှာ ကျွန်တော့်ဆန္ဒသာဖြစ်သည်။ ရှေ့လူတွေစိုက်ခဲ့သဖြင့် ကျွန်တော်တို့အိမ်ရှေ့တွင် ရင်ကွဲသရက်ပင်ကြီး အခုဆို သီးကင်းလိုက်နေပါပြီ။ မကြာမီ ကျွန်တော်တို့ စားရပါဦးမည်။ အခုဆို အဲဒီသရက်ပင်အောက်မှာ ကွပ်ပျစ်လေးပါပြုလုပ်ထားခဲ့ပြီဖြစ်သည်။

တကယ်တော့ ကျွန်တော်ကိုယ်တိုင်က ကျန်းမာရေး အလုံးစုံကောင်းသူမဟုတ်ပါချေ။ နှလုံး၊ သွေးတိုး ရောဂါသည်မဟုတ်သော်ငြား လူအများစု ကြုံရလေ့ရှိသည့် ခါးနာဝေဒနာကို နှစ်ရှည်လများ ခံစားနေရသူဖြစ်၏။ ရိုးရိုးအဆင့်မဟုတ်ဘဲ ခွဲစိတ်ကုသမှုအထိ ခံယူထားရသည်။ လမ်းလျှောက်လျှင် ခါးက စောင်းနေသည်ကို တော်တော်များများက သတိပြုမိကြသည်။ မြင်နေကျလူတွေကသာ မထူးဆန်းသော်လည်း တခြားသူများအတွက် အမြင်တစ်မျိုးဖြစ်နေသည်။ ခါးဝေဒနာကြောင့်ပဲ ကွန်ပျူတာစာစီရာတွင် ကြာကြာထိုင်ရိုက်လို့မရပေ။ စာပေဝါသနာပါသူမို့ စာစီစာရိုက်ကို ထိုင်၍တစ်မျိုး၊ မတ်တတ်တစ်ဖုံ၊ ဝမ်းလျားမှောက်တစ်နည်းဖြင့် ရိုက်ရသည်။ အကျိုးဆက်အားဖြင့် ကျွန်တော် ရေးချင်သော စာများရေးနိုင်ခဲ့သည်။ လိုချင်သော စာပေဆုများရခဲ့သည်။ ခါးဝေဒနာနှင့် မိသားစု အပူသောကများကြားမှာသာ အာရုံစိုက်ထားပါက စာများလည်းရေးဖြစ်မည်မဟုတ်။ အခု အများက မဖြစ်နိုင်ဟု ထင်မှတ်ထားကြသော ကျွန်တော့်စိုက်ခင်းလေးကိုလည်း ထိုနည်းအတိုင်း ကျင့်ကြံလျက် နွေကိုအန်တုကာ ရေနိုင်အောင်လောင်းပေးခဲ့သည်။ အပင်က လက်ခံနိုင်သည့်မြေဖြစ်လာအောင် ကြိုးစားပေးခဲ့သည်။ လူသာအဓိကဖြစ်သည်။ လူသားတို့၏ တီထွင်ကြံဆမှုဖြင့်သာ ကြေးခေတ်၊ ကျောက်ခေတ်၊ သံခေတ်များမှသည် စက်မှုသိပ္ပံပညာရပ်များ ထွန်းကားလာခဲ့ခြင်းနှင့်အတူ အာကာသဆီခြေဆန့်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အရာမှန်သမျှသည် လူသားတို့ဆီမှ မြစ်ဖျားခံခဲ့ခြင်းပင်ဖြစ်သည်။ **“စိတ္တေန နိယျတေ လောကော”** ဟူသည့်အတိုင်း စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြရခြင်းဖြစ်၏။ စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြသည့် လူသားတို့၏ ပြုမူဆောင်ရွက်ချက်များဖြင့်သာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာသည် အကောင်း အဆိုးဟူ၍ ဖြစ်လာကြခြင်းဖြစ်ပေသည်။ လူကောင်းလူတော်တို့ထံတွင် မွန်မြတ်သန့်စင်သော နှလုံးသားများရှိကြ၏။ **“လမ်းကောင်း လမ်းဆိုး၊ ထိုနှစ်မျိုးတွင်၊ ဆိုးကောင်းဟူဘိ၊ မြင်အသိကို၊ မိမိစိတ်သာဖန်ဆင်း၏”** ဟူသော ကဗျာလေးအတိုင်း လူသားတို့၏ စိတ်နှလုံးသားအခံကသာ အရာရာကို ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

မိမိတို့နိုင်ငံထက် ပိုမိုဆိုးရွားစွာ စစ်ဘေးဒဏ်ခံခဲ့ရသည့်နိုင်ငံများ ယနေ့မိမိတို့ရှေ့ကရောက်နေသည်ကို သတိပြုမိပါက လူသာလျှင် ပဓာနကျသည်ကို တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မိမိတို့လွတ်လပ်ရေးရပြီးချိန်မှ နိုင်ငံအဖြစ်ပေါ်ထွန်းလာသော နိုင်ငံအချို့သည်လည်း ကိုယ်တွေထက် ရှေ့ရောက်နေသည်မှာ ကောင်းသည့်ဘက်တွင် စုစည်းညီညာသောတိုင်းသူပြည်သားတို့၏ စွမ်းအားကြောင့်သာဖြစ်ပေသည်။ အတိတ်ကို လက်ညှိုးညွှန်၍ အကြောင်းပြချက် မရိုးနိုင်သော ခေါင်းစဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ပါချေ။ စစ်ဘေး စစ်ဒဏ်သင့်ခြင်းကြောင့် လည်းကောင်း၊ သဘာဝဘေးဒဏ်ကြုံရခြင်းကြောင့်လည်းကောင်း အချို့နိုင်ငံများပျက်စီးဆုံးရှုံးမှုများဖြစ်ကြရသည်။ သို့သော် နှစ်ပိုင်းအတွင်းမှာပဲ မူလနေရာရောက်အောင် သူတို့ပြန်ကြိုးစားနိုင်ခဲ့ကြသည်။ လူသာလျှင် ပဓာနပါပေ။ လောကနီတိတွင် **“နိမ့်ကျသူ၏ သားပင်ဖြစ်လင့်ကစား မင်းအမတ်ဖြစ်နိုင်၏။ သူမိုက်၏သားပင် ဖြစ်လင့်ကစား ပညာရှိဖြစ်နိုင်၏။ ဥစ္စာမရှိသူ၏ သားပင်ဖြစ်လင့် ကစား ကြွယ်ဝချမ်းသာနိုင်၏”** ဟူ၍ ပြဆိုထားသည်ကို မှတ်သားရသည်။ ထို့ပြင် ငယ်စဉ်က သင်ကြားခဲ့ရသည့် ကျေးညီနောင်ပုံပြင်လေးကိုလည်း အမှတ်ရမိပြန်သည်။

ကျွန်တော့်အနေဖြင့် **“တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်”**’’ဟူသော ထုံးကိုနှလုံးမူလျက် ရှေးက စိုက်ခဲ့ပျိုးခဲ့သူများ၏ကျေးဇူးကို သတိရအောက်မေ့ကာ သစ်ပင်များထပ်စိုက်နေပါသည်။ ဥစ္စာဖြို စားဖိုက မဖြစ်ရလေအောင်လည်း အိမ်နောက်ဖေး စိုက်ခင်းလေးများကို ပုံဖော်နေသည်။ ကိုယ်ပြောင်းရွှေ့သွားသော်နောက်လူများအတွက်ဟူသော စိတ်ကိုမွေးမြူကာ ကြုံရသည့် မြေပြင်ရာသီဥတု အခက်အခဲများကို စိတ်ရှည်ရှည်ရင်ဆိုင်လျက် စိုက်ခင်းလေးအတွက် အချိန်ပေးနေဆဲဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၃

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ပြည်သူ့အင်အားပါတီ** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၄ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၀ ပါတီဖြစ်၍ စုစုပေါင်း ၁၄ ပါတီ ဖြစ်သည်။ ယင်း ၁၄ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၅ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၉ ပါတီဖြစ်ပြီး၊ အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၉ မှ*

ကုန်သွယ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၆၆၉ ဘီလီယံအထိ ရောက်ရှိခဲ့လို့ စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှ အာဆီယံကို စီးဆင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံအထိ ရှိပါတယ်။ နှစ်ဖက်စီးပွားရေးအခွင့်အလမ်းများကို မြှင့်တင်ဖို့ အာဆီယံ-တရုတ် ကုန်စည်ပြပွဲကိုလည်း တရုတ်နိုင်ငံ နန်နင်းမြို့မှာ နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။

ဒါ့အပြင် အာဆီယံနဲ့ တရုတ်အကြား ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် နည်းလမ်းရှာဖွေဖို့၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍတို့မှာ အပြန်အလှန်ဖလှယ်ခြင်းဖြင့် နားလည်မှုနဲ့ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ဖို့အတွက် အာဆီယံ-တရုတ်ဗဟိုဌာနကို ၂၀၁၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ထားတဲ့အတွက် အာဆီယံနဲ့ တရုတ်အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများရရှိရုံသာမက အပြန်အလှန် နားလည်မှုရရှိခြင်းမှ ချစ်ကြည်ရင်းနှီးမှု တိုးတက်တည်ဆောက်နိုင်တဲ့ အကျိုးကျေးဇူးများ ရရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပထဝီအနေအထားအရ ထိစပ်လျက်ရှိနေတဲ့ အာဆီယံအတွက် အကျိုးကျေးဇူးများစွာ ဖြစ်စေပါတယ်။

ယမန်နှစ်က (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ-တရုတ် သာတူညီမျှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲကြေညာချက်မှာလည်း အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံသဘောထားအမြင် (AOIP) ရဲ့ ဦးစားပေးကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို အားပေးထောက်ခံဖို့ သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ထိလွယ်ရှလွယ်ရှိပြီး အလွန်သိမ်မွေ့တဲ့ တောင်တရုတ်ပင်လယ်အရေးကိစ္စနဲ့ ပတ်သက်ပြီးလည်း တောင်တရုတ်ပင်လယ်ကို အေးချမ်းတည်ငြိမ်သာယာဝပြောတဲ့ ပင်လယ်ပြင်အဖြစ် ထိန်းသိမ်းနိုင်ဖို့ DOC အကောင်အထည်ဖော်ရေးနဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ အပြီးသတ်နိုင်ရေးအတွက် အာဆီယံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်လက်ပူပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပြန်အလှန် အကျိုးစီးပွားအတွက် မျှဝေကာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြရတာမို့ တရုတ်နိုင်ငံဟာ အာဆီယံအတွက် အရေးပါသလို အာဆီယံဟာလည်း တရုတ်အတွက် အရေးပါတယ်လို့ မိမိအနေနဲ့ သုံးသပ်ရခြင်းဖြစ်ပါတယ်။ ။

*စာမျက်နှာ ၁၀ မှ*

ထို့ပြင်

**"သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်**
**ငါ့မြေမှာ နီဝါတင့်ရမပေါ့**
**အခွင့်အခါမျှော်လို့**
**ဥယျာဉ်တော် သာယာရေးကိုလ**
**ရှုမြင်မြော် အခါခါတွေးပါလို့**
**မနေ့းပင် အားအင်ထုတ်လို့ရယ်**
**ပေါင်းနုတ်ဖို့ခဲ့။ ။"**ဟူသည့် ငယ်စဉ်က သင်ခဲ့ရသည့် ဆရာမငွေတာရီ၏ သာသည့်မြေသို့ ကဗျာလေးထဲကအတိုင်း သူတစ်ပါးခြံဝင်းအတွင်းမှ စိုက်ခင်းလေးများနှင့်ပန်းအလှပင်လေးများ စိမ်းစိုဝေဆာနေသည်ကိုမြင်တိုင်း ကိုယ့်အလှည့် အခွင့်ရသည့်အခါ ထိုသို့စိုက်မည်ပျိုးမည်ဟူသော အတွေးလေးများဖြင့် ကျွန်တော်စိုက်ခဲ့ပျိုးခဲ့ခြင်းဖြစ်သည်။ တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်ဆိုသည်မှာ ကျွန်တော့်ခံယူချက် ယုံကြည်ချက်ပင်ဖြစ်သည်။

တွေ့ဆုံပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထပ်မံ၍ လမ်းညွှန်အမှာစကားပြောကြားခဲ့ရာတွင် **"မိမိဘဝတိုးတက်ရေးအတွက် မိမိသာလျှင် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့်လည်း အရည်အသွေး၊ အရည်အချင်းများကောင်းမွန်အောင် နေထိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ တပ်မတော်သားများအားလုံးသည် အခြေခံအားဖြင့် စစ်အတတ်ပညာများ သင်ကြားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲဝင်နိုင်ရန်အတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ထုတ်ပေးထားသည့် လက်နက်များကိုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်စေရေး တပ်မတော်မှ အဆင့်ဆင့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို စစ်စည်းကမ်းကောင်းမွန်စေရန်နှင့် အမိန့်နာခံတတ်မှုရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းလိုက်နာပြီး မိမိအရည်အသွေးကို အမြဲထက်မြက်နေစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** တို့ကိုပါ ထည့်သွင်းပြောကြားခဲ့သည်။

**❖ မိမိဘဝတိုးတက်ရေးအတွက် မိမိသာပဓာနကျသကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း မိမိတို့တိုင်းသူပြည်သားအားလုံးတွင် ကိုယ်စီတာဝန်ရှိကြပေသည်။ ကောင်းသောရှေ့ခရီးရောက်ဖို့ တိုင်းရင်းသားပြည်သူများ၏ "အား"ကသာ အဓိကကျပါသည်။ စွမ်းရည်ပြည့်ဝသော အားအင်များရရှိစေဖို့ ကိုယ်စီကိုယ်ရည်ကိုယ်သွေးများ ပြည့်ဝနေကြဖို့ အရေးကြီးပေသည်။ ရိုးသားကြိုးစားမှုအပြည့်ဖြင့် စွမ်းရည်ပြည့်ဝစွာ လျှောက်လှမ်းနေသော လမ်းခရီးတွင် မဖြစ်နိုင်ဘူးဆိုသည့်အရာများ ရှိနေလိမ့်မည်မဟုတ်ပါချေ။ သူ့မြေမှာ ဖြူပြာပွင့်ပါက ကိုယ့်မြေမှာ နီဝါပွင့်ရေးအတွက် လူသာလျှင် ပဓာနဖြစ်ကြောင်း . . .**

ကိုယ်ရည်ကိုယ်သွေး ပြည့်ဝခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖူလုံရေးအတွက် အထောက်အကူကောင်းပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းပေါ်တွင် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်မှုများကို ထပ်မံဖြည့်သွင်းလိုက်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် များစွာအကျိုးပြုလျက်ရှိသည်ကို အာရှတိုက်မှ ဂျပန်နိုင်ငံက သက်သေပြလျက်ရှိနေသည်။ ၂၀၁၁ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် မိမိတို့ထက် အရပ်အမောင်း ဘောလုံးစွမ်းရည်သာလွန်သော အမေရိကန်အမျိုးသမီးဘောလုံးအသင်းကို အနိုင်ယူကာ ဂျပန်မလေးများက နိုင်ငံ့ဂုဏ်ကို ဆောင်ပေးခဲ့ကြသည်။ ထိုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပသည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ရာတွင် ဂျပန်အသင်းအနေဖြင့် အလွယ်တကူ လာရောက်ခဲ့ကြရသည်မဟုတ်ပေ။ ပြိုင်ပွဲမကျင်းပမီ ၂၀၁၁ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံသမိုင်းတစ်လျှောက် အကြီးမားဆုံး ငလျင်ကြီးလှုပ်ခတ်ခဲ့ရာ နောက်ဆက်တွဲအနေဖြင့် ပြင်းထန်သော ဆူနာမီလှိုင်းကြီးများ ရိုက်ခတ်မှုကိုပါ ထပ်မံရင်ဆိုင်ခဲ့ရသည်။ ရေလွှမ်းခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့အပြင် နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆမှုများလည်း ဖြစ်ပွားခဲ့သည်။ ထိုထိုသော ထိတ်လန့်တုန်လှုပ်ဖွယ် အခက်အခဲများကြားမှ နိုင်ငံတော်အတွက် သမိုင်းမှတ်တမ်းကောင်း ရေးထိုးခဲ့ကြသော ဂျပန်မလေးများ၏ စိတ်ဓာတ်သည်ကား လေးစားဖွယ်ကောင်းလှပါ၏။ ထိုမျှမက တစ်ချိန်က အဏုမြူဗုံးဒဏ်ကို ခံခဲ့ရသေးသော်လည်း တိုင်းပြည်ကိုရှေ့တန်းရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ အစိုးရနှင့် ပြည်သူတည်းဟူသော **"လူ"**တို့၏ စုစည်းညီညွတ်မှုကြောင့်သာဖြစ်သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

အကြီးအကဲလမ်းညွှန်ချက်ကို မြဝတီရုပ်မြင်သံကြားမှတစ်ဆင့် နာခံမိရာမှ စိုက်ခင်းလေးဆီရောက်နေသော အတွေးများ ပြန်လည်နိုးထလာခဲ့သည်။ ထိုအခါ စိုက်ခင်းလေးမှတစ်ဆင့်တက်၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက်ဟူသော အတွေးများ ကျွန်တော့်နှလုံးသားထဲ ဆင့်ပွားလာမိသည်။ အကြီးအကဲလမ်းညွှန်သည့်အတိုင်း မိမိဘဝတိုးတက်ရေးအတွက် မိမိသာပဓာနကျသကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း မိမိတို့ တိုင်းသူပြည်သားအားလုံးတွင် ကိုယ်စီတာဝန်ရှိကြပေသည်။ ကောင်းသောရှေ့ခရီးရောက်ဖို့ တိုင်းရင်းသားပြည်သူများ၏ **"အား"**ကသာ အဓိကကျပါသည်။ စွမ်းရည်ပြည့်ဝသော အားအင်များရရှိစေဖို့ ကိုယ်စီကိုယ်ရည်ကိုယ်သွေးများ ပြည့်ဝနေကြဖို့ အရေးကြီးပေသည်။ ရိုးသားကြိုးစားမှုအပြည့်ဖြင့် စွမ်းရည်ပြည့်ဝစွာ လျှောက်လှမ်းနေသော လမ်းခရီးတွင် မဖြစ်နိုင်ဘူးဆိုသည့်အရာများ ရှိနေလိမ့်မည်မဟုတ်ပါချေ။ သူ့မြေမှာ ဖြူပြာပွင့်ပါက ကိုယ့်မြေမှာ နီဝါပွင့်ရေးအတွက် လူသာလျှင် ပဓာနဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# သိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရည်မှန်းရလဒ်များရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဆွေးနွေး

နေပြည်တော် မတ် ၃

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းအစီအစဉ်ဖြစ်သည့် ဦးစီးဌာနအလိုက် နှစ်စဉ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေး အစီအစဉ်(Departmental Annual Implementation Plan-DAIP)ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ ကျင်းပသည်။**




ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် စီမံကိန်းများနှင့်လုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇) ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကိုအခြေခံ၍ ဦးစီးဌာနအလိုက် နှစ်စဉ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းအစီအစဉ်(DAIP)ကို စနစ်တကျရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း DAIP ကို အခြေခံရမည်ဖြစ်ကြောင်း၊ DAIP ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့ အကောင်အထည်ဖော် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ သိမြင်နိုင်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်း စဉ်ဆက်မပြတ်သုံးသပ်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်တွေ့အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုများကို ဘဏ္ဍာငွေရရှိမှုများနှင့်ချိတ်ဆက်၍ စနစ်တကျအကောင်အထည်ဖော်ရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ DAIP ရေးဆွဲရာတွင် အမှန်တကယ် ဆောင်ရွက်နိုင်မှုများအပေါ် အခြေခံ၍ ရေးဆွဲရန်လိုအပ်ပါကြောင်း၊ ဦးစီးဌာနများက ဘဏ္ဍာရေးနှစ်အလိုက် ရည်မှန်းရလဒ်များရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင် ရောက်ရှိစေမည်ဖြစ်သလို နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ DAIP Guideline နှင့် Template များပါ အချက်အလက်များအပေါ် ပူးပေါင်းပါဝင်ဆွေးနွေးရန်နှင့် အကြံပြုချက်များပေးရန် ပြောကြားသည်။ (အပေါ်ယာပုံ)

ထို့နောက် ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနက မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ဆိုင်ရာ လေ့လာဆန်းစစ်အကဲဖြတ်ရေးမူဘောင် အကျဉ်းချုပ်နှင့် DAIP ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများသည် DAIP ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျိုးပြုထိရောက်သည့် လုပ်ငန်းစဉ်များဖြစ်ရန် လိုအပ်ပါကြောင်းနှင့် သတ်မှတ်ထားသော ရလဒ်၊ အညွှန်းကိန်းများ ပြည့်မီအောင် ဆောင်ရွက်သွားရန် အကြံပြုဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက ပါဝင်ဆွေးနွေးကြပြီး ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက On-line ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ နေရပ်ပြန်မည့်ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကျင်းပ

**စစ်တွေ မတ် ၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စက်မှုဇုန် ယာယီခိုလှုံရာစခန်းတွင် နေထိုင်ကြသည့် ပုဏ္ဏားကျွန်းမြို့နယ်ကျေးရွာလေးရွာမှ ပြည်သူများနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ် ကျေးရွာတစ်ရွာတို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် ဒေသခံပြည်သူများအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့ စက်မှုသင်တန်းကျောင်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (ဝဲပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးအမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၄၀ အတွက် ထောက်ပံ့သည့် ငွေကျပ်သိန်း ၇၀၀ ကို လည်းကောင်း၊ တိုင်းမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့သည့် ငွေကျပ်သိန်း ၁၄၀ ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည် လူတစ်ဦးလျှင် ဆန်ရိက္ခာတစ်လစာ လူဦးရေ ၅၃၂ ဦးအတွက် ထောက်ပံ့ငွေ ၄၇၈၈၀၀၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ထောက်ပံ့သည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါ Family Kit ၁၄၀ တို့ကို ပေးအပ်ကြရာ စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေရပ်ပြန်ကြမည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

ယာယီခိုလှုံရာ စခန်းတွင် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ၊ သာစည်ကျေးရွာ၊ ဒိုးတန်းကျေးရွာ၊ ပိန္နဲတောကျေးရွာနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ် နမဒါကျေးရွာတို့မှ အိမ်ထောင်စု ၁၄၀၊ လူ ၅၃၂ ဦးတို့မှာ ၎င်းတို့၏ သဘောဆန္ဒအလျောက် မူလနေရပ်များသို့ ပြန်လည်နေထိုင်လိုသဖြင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး မော်တော်ယာဉ်များဖြင့် ကျေးရွာအရောက် ပို့ဆောင်ပေးခြင်းကြောင့် စက်မှုဇုန်ယာယီခိုလှုံရာစခန်းအား ပိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❖ *ကျော့ဖုံးမှ*

အခမ်းအနားကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ လူမှုရေးရာ ဝန်ကြီး ဦးမြတ်သွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး (ယာပုံ) ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း က ရာမညအားကစားကွင်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် များ ပက်ဖျန်းပေးသည်။

ထို့နောက် မွန်ပြည်နယ် ၁၀ မြို့နယ် အသက် ၁၈ နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ မြန်မာ့အားကစားကို အစွမ်းကုန် ထူးကဲစွာ အားပေးချီးမြှောက်နေသည့် အချိန်ကာလ ဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏ စွမ်းပကားအရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့အနိုင်ရရှိရေးကို အားကစား စိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ယခုပြိုင်ပွဲတွင် ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ မွန်ရိုးရာအကအလှ၊ မြန်မာ့သိုင်း၊ Physical Fitness Dance အကများဖြင့် သရုပ်ပြဖျော်ဖြေနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မီတာ ၁၀၀ နှင့် မီတာ ၄၀၀ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မတ် ၃

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ သံဃာတော် ၁၃၅ ပါးနှင့် ဒေသခံပြည်သူ ၄၁၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျား၊ မ ရေးရာတန်းတူညီမျှမှု မြှင့်တင်ရေး ဆန်းသစ်တီထွင်မှုကို အသုံးချရန် ကုလသမဂ္ဂအကြီးအကဲတောင်းဆို

**ဂျီနီဗာ မတ် ၃**

ကျား၊ မ ရေးရာ တန်းတူညီမျှမှု တိုးတက်စေရေး နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အသုံးချရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တောင်းဆိုလိုက်ကြောင်း မတ် ၂ ရက် ထုတ်ပြန်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် သဝဏ်လွှာတွင် ဖော်ပြသည်။



ယခုနှစ် မတ် ၈ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ "DigitALL: ဆန်းသစ်တီထွင်မှုနှင့် ကျားမတန်းတူညီမျှမှုဆိုင်ရာ နည်းပညာ" ဖြစ်သည်။

ဂူတာရက်စ်၏ သဝဏ်လွှာတွင် နည်းပညာသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ပညာရေးနှင့် အခွင့်အလမ်းများကို ချဲ့ထွင်နိုင်သော်လည်း အလွဲသုံးစားလုပ်မှုနှင့် မုန်းတီးမှုကို ချဲ့ထွင်ရန်အတွက်လည်း အသုံးပြုနိုင်ကြောင်း ထောက်ပြခဲ့သည်။

ယနေ့ခေတ်တွင် အမျိုးသမီးများသည် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာတို့တွင် လုပ်သားအင်အား၏ သုံးပုံတစ်ပုံအောက်တွင်သာရှိပြီး နည်းပညာသစ်များ ဖော်ဆောင်ရာတွင် အမျိုးသမီးများ ကိုယ်စားပြုမှု နည်းပါးလာသောအခါ ယခင်ကဲ့သို့ ခွဲခြားဆက်ဆံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ဆိုသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဒစ်ဂျစ်တယ်ကမ္ဘာမှ အမျိုးသမီးများကို ဖယ်ထုတ်လိုက်ခြင်းသည် ပြည်တွင်းအသားတင်ထုတ်ကုန် (ဂျီဒီပီ) မှ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ထရီလီယံကို ဆုံးရှုံးခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ဝင်ငွေ အလယ်အလတ်အဆင့် နိုင်ငံများတွင် ဆုံးရှုံးနိုင်ခြေသည် ၁ ဒသမ ၅ ထရီလီယံ ဒေါ်လာအထိ ရှိလာနိုင်ကြောင်း သတိပေးထားသည်။

**ဆင်ဟွာ**

## ပင်လယ်ရေကြောင်းမှ သိုးအရှင်တင်ပို့မှုကို ဩစတြေးလျ ရပ်ဆိုင်း

**ကင်ဘာရာ မတ် ၃**

ဩစတြေးလျ စိုက်ပျိုးရေး၊ မိုးခေါင်ရေရှားမှုနှင့် အရေးပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးက ပင်လယ်ရေကြောင်းမှ သိုးအရှင်များ တင်ပို့ခြင်းကို အဆုံးသတ်ရန် စီစဉ်လျက်ရှိသည်။ ဩစတြေးလျ စိုက်ပျိုးရေးဝန်ကြီး မော်ရေး ဝက်ထ်က သိုးအရှင်များကို ပြည်ပသို့ တင်ပို့ခြင်းအား ကန့်သတ်မှု အဆင့်များနှင့် ပတ်သက်၍ ခြောက်လကြာ ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်ကို ဦးဆောင်ရန် သီးခြားအဖွဲ့တစ်ဖွဲ့ကို မတ် ၃ ရက်က ဖွဲ့စည်းခဲ့သည်။

ပင်လယ်ရေကြောင်းမှ သိုးအကောင်လိုက် တင်ပို့မှုကို ရပ်ဆိုင်းခြင်းသည် လယ်သမားများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်ဖက်များနှင့် ကုန်သွယ်မှုတွင်ပါဝင်သည့် အသိုင်းအဝိုင်းများအပေါ် သက်ရောက်မှုရှိစေမည့် ရှုပ်ထွေးသောပြဿနာတစ်ခုဖြစ်ကြောင်း ၎င်းကဆိုသည်။

၂၀၁၇ ခုနှစ်တွင် ဩစတြေးလျ အနောက်ပိုင်းမှ အရှေ့အလယ်ပိုင်းသို့ ပို့ဆောင်သည့် သင်္ဘောပေါ်၌ သိုးအကောင်ရေ ၂၄၀၀ သေဆုံးပြီးနောက် ဖက်ဒရယ်အစိုးရသည် ပင်လယ်ပြင်မှ သိုးအရှင်တိုက်ရိုက်တင်ပို့မှုကို အဆုံးသတ်ရန် ကတိပြုခဲ့သည်။



ကူဝိတ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အစ္စရေးတို့ အပါအဝင် အခြားကုန်သွယ်ဖက်နိုင်ငံများသို့ ၂၀၁၆ ခုနှစ်တွင် သိုးကောင်ရေ ၁ ဒသမ ၇၆ သန်းတင်ပို့ခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အကောင်ရေ ၆၆၂၆၃၀ အထိ လျှော့ချတင်ပို့နိုင်ခဲ့သည်။

ကုန်သွယ်မှု တန်ဖိုးသည် နှစ်စဉ် ဩစတြေးလျဒေါ်လာ ၈၅ သန်း (အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂ သန်း) ခန့်ရှိသည်။ မွေးမြူရေးလုပ်ငန်းအဖွဲ့ ၂၅ ဖွဲ့က သိုးအရှင်တင်ပို့မှု ပိတ်ပင်လိုက်ခြင်းကြောင့် အလုပ်အကိုင် ထောင်ပေါင်းများစွာ ဆုံးရှုံးနိုင်ကြောင်း ကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## တူကီယဲနိုင်ငံ၌ ယာယီကျောင်းများ ဖွင့်လှစ်ကာ ငလျင်ဒဏ်သင့်ကလေးများကို စာသင်ကြားမှုစတင်

**အန်ကာရာ မတ် ၃**

ပြီးခဲ့သည့်လအတွင်းက ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုအပြီး တူကီယဲနိုင်ငံရှိ လူငယ်အချို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အဆိုပါဒေသရှိ ကလေးငယ်များမှာ ယာယီအိမ်ရာများတွင် တည်ထောင်ထားသည့် ယာယီကျောင်းများ၌ စာသင်ကြားမှု စတင်နေပြီဖြစ်သည်။ ဖေဖော်ဝါရီ ၆ ရက်က ဆီးရီးယားနယ်စပ်အနီး တူကီယဲနိုင်ငံတောင်ပိုင်း၌ ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်ခဲ့သည်။

အဆိုပါငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များကြောင့် လူပေါင်း ၅၁၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ တူကီယဲနိုင်ငံမှ လူပေါင်း ၄၅၀၈၉ ဦးနှင့် ဆီးရီးယားနိုင်ငံမှ လူပေါင်း ၅၉၁၄ ဦးအသက်ဆုံးရှုံးခဲ့ရပြီး လူပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ တူကီယဲနိုင်ငံတောင်ပိုင်း နူဒါဂီရှိ စာသင်ကျောင်းတစ်ကျောင်း၌ အထက်တန်းနှင့် အလယ်တန်းအတွက် အတန်းများကို ပြီးခဲ့သည့် သီတင်းပတ်မှ စတင်ကာ ဖွင့်လှစ်နေပြီဖြစ်သည်။

စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စာသင်ကျောင်းကို လည်ပတ်နေခြင်းဖြစ်ပြီး ၎င်းတို့ထဲမှ အင်္ဂလိပ်စာသင်ကြားပေးသည့် ဆရာမမှာ ကိုယ်တိုင်ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူဖြစ်သည်။ သင်ခန်းစာများကို သင်ကြားခြင်းအပြင် ကျောင်းသားများနှင့် စကားပြောကာ စိတ်ခံစားချက်ဖယ်လှယ်ရသည်မှာလည်း အရေးကြီးသည်ဟု ခံစားရကြောင်း ၎င်းက ပြောသည်။

တူကီယဲတွင် စာသင်ကျောင်းများ ပျက်စီးခြင်းကြောင့် ကလေးငယ်ပေါင်း လေးသန်းနီးပါးမှာ စာသင်ကြားရာတွင် အခက်အခဲတွေ့ကြုံနိုင်သည်ဟု ယူနီဆက်ဖ်၏ ဥရောပနှင့်ဗဟို အာရှဆိုင်ရာ ညွှန်ကြားရေးမှူးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဇန်နဝါရီလတွင် ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်း

**တိုကျို မတ် ၃**

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီတွင် ကျဆင်းသွားကြောင်း ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မတ် ၃ ရက်ကထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်၌ ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ ဇန်နဝါရီလအတွင်း လူ ၆၆ ဒသမ ၈၉ သန်းနီးပါးကို အလုပ်ခန့်ခဲ့ကြောင်း ပြည်တွင်းရေးရာဝန်ကြီးက ပြောကြားသည်။ အဆိုပါ ပမာဏမှာ ပြီးခဲ့သည့်နှစ် ကာလတူကထက် ၄၃၀၀၀၀ တိုးမြင့်လာကြောင်း သိရသည်။

ယင်းဝန်ကြီးဌာန၏ အဆိုအရ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ယခင်လက ၂ ဒသမ ၅ ရာခိုင်နှုန်းထက် အနည်းငယ်ကျဆင်းခဲ့သည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ မတ် ၃ ရက်က ထုတ်ပြန်သည့် သီးခြားထုတ်ပြန်ချက်တစ်ခုတွင် အလုပ်အကိုင်ရရှိမှု အချိုးသည် ၁ ဒသမ ၃၅ ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာကျော်ဘောလုံးသမားမက်ဆီ၏ ဇနီးဘက်မှဆွေမျိုးများပိုင်ဆိုင်သော စူပါမားကတ် သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ခံရ

**ဗျူနိုအေရိစ် မတ် ၃**

ကမ္ဘာကျော်ဘောလုံးသမား လီယိုနယ်မက်ဆီ၏ ဇနီးဘက်မှ ဆွေမျိုးများ ပိုင်ဆိုင်သော စူပါမားကတ်တွင် သေနတ်ဖြင့် ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး မက်ဆီကို ခြိမ်းခြောက်မှုပြုလုပ်ခဲ့သည်ဟု သိရသည်။ အဆိုပါစူပါမားကတ်တွင် "မင်းကို ငါတို့စောင့်နေတယ် မက်ဆီ"ဟူသော ခြိမ်းခြောက်စာတန်းကိုလည်း လက်ရေးဖြင့် ရေးသားခဲ့သည်။ မတ် ၂ ရက် အစောပိုင်းတွင် ရိုဆာရီယိုရှိ စူပါမားကတ်ကို မော်တော်ဆိုင်ကယ်ဖြင့် လူနှစ်ဦး ရောက်ရှိလာကာ သေနတ်ဖြင့် ၁၄ ချက်ခန့် ပစ်ခတ်ခဲ့သည်ဟု မီဒီယာများက ဖော်ပြကြသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် မည်သူ တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိဟု သိရသည်။ အဆိုပါမြို့၌ မက်ဆီသည် အသက် ၁၃ နှစ်အထိ နေထိုင်ခဲ့ဖူးသည်။ ထို့နောက် ၎င်းသည် နိုင်ငံ အမျိုးသားအသင်းကို ဦးဆောင်ကာ အသက် ၃၆ နှစ်တွင် ကာတာနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးတွင် ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပစ်ခတ်မှုပြုလုပ်ခဲ့သည့် သေနတ်သမားမှာ မူးယစ်ဂိုဏ်းနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသည်။ ရိုဆာရီယိုမြို့သည် မူးယစ်ဆေးဝါးနှင့် ဆက်စပ်မှုရှိသည့် ရာဇဝတ်မှုများ အဖြစ်များသည်။

အာဂျင်တီးနားသမ္မတ အယ်လ်ဘတ်တိုဖာနန်ဒတ်ကလည်း မူးယစ်မှုနှင့် ပတ်သက်သည့် အကြမ်းဖက်မှုများ များလာသည့်အတွက် အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ရိုဆာရီယို မြို့တော်ဝန်ကို တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



သေနတ်ပစ်ခတ်မှုဖြစ်ပွားသည့် စူပါမားကတ်။

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၆၄,၁၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၃၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၅ | ၂၃၃၅ | ၂၅၆၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၄ | ၂၁၀၈ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၁၃၈ | ၂၂၁၁ |
| HSD (50 ppm) | ၂၂၁၂ | ၂၂၈၆ |
| HSD (10 ppm) | ၂၂၁၂ | ၂၂၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြန်မာ့တောင်သူလယ်သမားတို့ဘဝ အေးချမ်းရမည်

ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)

**တောင်သူလယ်သမားအပေါင်းဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများတိုင် ကျေးဇူးရှင်တွေဖြစ်ကြောင်း၊ အနာဂတ်မှာ စိတ်အေးဖွယ်ရာတွေ ပေါ်ပေါက်လာမှာဖြစ်ကြောင်း အသိပေးလိုသဖြင့် ဒီဆောင်းပါးကို ရေးသားခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ လယ်ယာလုပ်ငန်းမှာ မိသားစုဘဝ တိုးတက်ဖွံ့ဖြိုးရေးကစလို့ နိုင်ငံတော်အတွက် ဆန်စပါးနဲ့ ပဲ၊ ပြောင်း၊ ဝါကို ပို့ကုန်အဖြစ် ပင်ပန်းကြီးစွာ ထုတ်လုပ်ပေးနေကြပါတယ်။ တောင်သူလယ်သမားကြီးများရဲ့ နွေ၊ မိုး၊ ဆောင်း မရှောင် ကိုယ်ခန္ဓာပင်ပန်းမှုကို ပဓာနမထားဘဲ စားရေရိက္ခာအစုံ ထုတ်လုပ်ပေးမှုကြောင့် ပြည်တွင်းဖူလုံရုံသာမက နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနိုင်ပါတယ်။ ရွှေရောင်တဝင်းဝင်းနဲ့ စေတီပုထိုးတွေ တည်ဆောက်၊ အလှူဒါနတွေလည်း ပြုလုပ်နိုင်ကြပါတယ်။ ၁၉၅၈ ခုနှစ်မှာ မြန်မာဟာ ဆန်တန်ချိန် ၆ ဒသမ ၄ သန်းထွက်ရှိတော့ ကမ္ဘာကို ဆန်တန်ချိန်အများဆုံး တင်ပို့ရောင်းချတဲ့ စံချိန်ကို တင်ခဲ့ပါတယ်။ အဲဒီတုန်းက ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ ကျွန်တော်တို့ စံချိန်မမီခဲ့ပါဘူး။**

မြန်မာနိုင်ငံဟာ မြေမျက်နှာသွင်ပြင် အမျိုးမျိုးရှိ၊ နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ၊ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနုသစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံကအစ၊ ပန်းရန့်တွေကလည်း မွှေးကြိုင်လှပသာယာလျက်ရှိတဲ့ နိုင်ငံဖြစ်တယ်။ နိုင်ငံသားများဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေ၊ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနု မြစ်ချောင်းအင်းအိုင်တွေကို မတိမ်ကောအောင် ကာကွယ်ရင်း ကြိုးစားပမ်းစားနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေ များပါတယ်။

အေးအတူပူအမျှ ကမ္ဘာ့လူသားကောင်းများ အဖြစ် ထားအပ်တဲ့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကာ ချစ်ခင်စွာ နေထိုင်ခဲ့ကြပါတယ်။ မြန်မာတို့ဟာ ရက်ရောသူတွေ၊ စဉ်းစားဆင်ခြင်တတ်တဲ့ သူတွေ၊ ကူညီရိုင်းပင်းသူတွေ၊ ရောင့်ရဲတင်းတိမ်သူတွေ၊ ကိုယ်ကျိုးစွန့်လွှတ်နိုင်သူတွေပဲလို့ နာမည်ရခဲ့ပါတယ်။ ဗြိတိသျှကိုလိုနီလက်အောက်မှာ အရင်းရှင်ကုမ္ပဏီများဟာ ဆန်စပါးလယ်ယာထွက်ကုန်ရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ် ဈေးကစား၊ ခေါင်းပုံဖြတ်မှုတွေကြောင့် ၁၉၃၀ ပြည့်နှစ်မှာ ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ ပေါ်ပေါက်ခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွေမှာ တောတောင်နေ လယ်သမားတချို့ဟာ တစ်တပ်တစ်အား ပါဝင်ခဲ့ကြရတယ်။

လွတ်လပ်ရေးရပြီးတဲ့အခါမှာ ပြည်တွင်းမငြိမ်သက်မှုတွေကြားမှာ ကျေးလက်လူထုဟာ တောင်ယာလယ်လုပ် ဓားမခုတ်ဘဝနဲ့ ခရီးကြမ်းလျှောက်ရင်း သစ္စာရှိစွာ ရပ်ရွာရဲ့ စပါးကျီကို ဖြည့်တင်းပြီး တိုင်းပြည်ကို ကျေးဇူးပြုခဲ့ကြပါတယ်။ လုံ့လဝီရိယကို အခြေခံ၊ ပတ်ဝန်းကျင်ကပေးတဲ့ အတွေ့အကြုံနဲ့ မိသားစုကို စောင့်ရှောက်တဲ့ ကျွန်တော့်မိဘများဟာ လယ်ယာလုပ်ငန်းနဲ့ အလှူမင်္ဂလာ သုံးကြိမ်ပြုလုပ်ကျင်းပနိုင်ခဲ့ပါတယ်။

၁၉၆၅ ခုနှစ် အောက်တိုဘာလထဲမှာ တက္ကသိုလ်ဆရာဖြစ်ဖို့ ရန်ကုန်အင်တာဗျူးကအပြန် အညာပြန်ရောက်တော့ ကျွန်တော့်အဖေက **"ဖောင်တော်သီ၊ ဒိုက်ဦးစပါးတွေ ဘယ်လိုနေလဲ"** လို့မေးပါတယ်။ သတိမထားမိကြောင်း ရိုးသားစွာ ဝန်ခံခဲ့ပါတယ်။ တကယ်တော့ ဧရာဝတီ၊ ရန်ကုန်နဲ့ ပဲခူးတိုင်းကြီးတွေက စပါးကောင်း၊ ဆန်ကောင်းတွေကို တစ်နိုင်ငံလုံး နီးပါးအတွက် ထုတ်ပေးနိုင်တဲ့အပြင် ကမ္ဘာကိုလည်း ဆန်တင်ပို့နိုင်ခဲ့ပါတယ်။ အဖေဟာ မိသားစုအတွက် ကောင်းပေ့ဆိုတဲ့ဆန်ကို အောက်ပြည်အောက်ရွာက



ဝယ်ကျွေးခဲ့ပါတယ်။

**မြန်မာ့စီးပွားရေး**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကုန်ထုတ်လုပ်မှု၊ မြေပေါ်မြေအောက် သယံဇာတထုတ်လုပ်မှု အပေါ်မှာ တည်နေဆဲဖြစ်ပါတယ်။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့် မလုပ်နိုင်သေးဘဲ ထုခွဲရောင်းချရတဲ့ အပေါ် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ယနေ့အထိ မူတည်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်ပါတယ်။ မြန်မာစီးပွားရေးဟာ စိုက်ပျိုးရေးအပေါ်မှာ အကြီးအကျယ် အမှီပြုနေရဆဲ ဖြစ်ပါတယ်။

ဧရာဝတီ မြစ်ဝှမ်း၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့ စပါးနှံတွေပဲကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလို တစ်မျိုး အမည်ရနေပါတယ်။ အရှေ့တောင်အာရှမှာ နယ်မြေ အကျယ်ဆုံး၊ စိုက်ပျိုးနိုင်တဲ့ မြေကေ၊ သစ်တောနဲ့ ကျောက်သံပတ္တမြား သယံဇာတကြွယ်ဝလျက်ရှိနေပါတယ်။ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာဟာလည်း ဧရာဝတီ၊ စစ်တောင်းနဲ့ ဒီမြစ်ကြီးတွေဆီကို စီးဝင်နေတဲ့ မြစ်ချောင်းတွေကို အကြောင်းပြု၊ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေကေဟာလည်းများစွာ ရှိနေပါတယ်။ စိုက်ပျိုးရေးမှာ နည်းပညာမြင့် ကျွမ်းကျင် လူ့စွမ်းအား ရှားပါးနေခြင်းကြောင့် အရည်အသွေးမီ သီးနှံထွက်မှုမှာ နိမ့်ကျလျက်ရှိနေပါတယ်။ ၂၁ ရာစုများလို မပေါ်ကြွယ်သော်လည်း သားသမီးများကို မူလတန်း၊ အလယ်တန်းအထိ ကျောင်းပို့နိုင်သူတွေ ရှိခဲ့ပါတယ်။ ငွေရေးကြေးရေး အခက်အခဲကြောင့် မဟုတ်လှဘဲ မိမိဝန်းကျင်အနီး တစ်ဝိုက်မှာ လက်လှမ်းမီတဲ့ မူလတန်းကျောင်းများ မရှိခြင်း၊ တည်ငြိမ်အေးချမ်းမှု ခေါင်းပါးခြင်းကြောင့်သာ ဖြစ်ခဲ့ပါတယ်။

တောင်သူလယ်သမားတို့ရဲ့အရေးကို ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ပိုတွေးနိုင်၊ စဉ်းစားနိုင်ခဲ့တာ တွေ့ရပါတယ်။ တောင်သူလယ်သမား အလုပ်သမားထုဟာ ယနေ့အထိ ကျေးလက်မှာနေကြဆဲဖြစ်ပါတယ်။ မိမိတို့ရဲ့ ရေမြေတောတောင်သဘာဝကို သံယောဇဉ်ရှိဆဲဖြစ်ပြီး ကျောင်းကန်ဘုရားနဲ့ ထုံးဖြူဖြူစေတီကိုပင် ပူဇော်ဆဲ ဖြစ်တာကို တွေ့ရပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲဆိုရင် နိုင်ငံတော်က တောင်သူလယ်သမားထုရဲ့ အရေးကို ဦးစားပေးအလေးထားလို့ပဲ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်တွင် အုန်းတော၊ ၁၉၆၃ ခုနှစ်တွင် ဒူးယားနဲ့ ပုပ္ပား၊ ၁၉၆၄ ခုနှစ်တွင် ခပေါင်း၊ ၁၉၆၅ နဲ့ ၁၉၆၈ ခုနှစ်တို့တွင် ရန်ကုန်မြို့ကြီးတို့မှာ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးတွေ ကျင်းပခဲ့တာဟာ သမိုင်းမှတ်တိုင်ကြီးတွေပဲ။ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်နဲ့ ချောက်တို့မှာ အလုပ်သမား နှီးနှောဖလှယ်ပွဲကြီးတွေ ကျင်းပ၊ တောင်သူလယ်သမားတို့ရဲ့ နောင်ရေးကိုတွေးဆပြီး ဆောင်ရွက်ပေးမှုတွေဟာ အတော်မြင့်မားတဲ့အဆင့်ကို ရောက်တယ်လို့ သုံးသပ်လို့ရပါတယ်။ ၁၉၆၂–၁၉၇၄ ခုနှစ်များအတွင်း အဆိုပါ တောင်သူလယ်သမား၊ အလုပ်သမားတို့ရဲ့ နှီးနှောဖလှယ်ပွဲကြီးတွေက ညှိနှိုင်းရရှိတဲ့ ရလဒ်တို့ကို အခြေပြုပြီး ကျေးရွာ၊ မြို့နယ်နဲ့ ဗဟိုလို့ အဆင့်သုံးဆင့်ပါတဲ့ ပြည်သူ့တောင်သူလယ်သမားကောင်စီများကို ၁၉၆၉ ခုနှစ်မှာ ဖွဲ့စည်းကာ နိုင်ငံတော် တည်ဆောက်ရေးတွေမှာ တောင်သူလယ်သမားတွေဟာ ပါဝင်ခဲ့တာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၅ သန်း၊ ပန်းတိုင်ရည်မှန်းချက် တစ်ဧကလျှင် တင်း ၁၀၀၊ ယခုအခါ ပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးမှာ တစ်ဧက ၇၅ တင်းသာ ထွက်ရှိပါတယ်။ ဆန်စပါးကို အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်ပါက တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားလာခြင်းမှအစ တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမို ရရှိမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဆန်ဖူလုံမှုဟာ ၁၄၂ ရာခိုင်နှုန်း စားရေရိက္ခာဖူလုံတဲ့ နိုင်ငံဖြစ်ပေမယ့် အဓိကကျတဲ့ ဆန်စားသောက်ကုန် လည်ပတ်ဖူလုံမှု လိုအပ်ချက်တွေ ရှိနေသေးပါတယ်။ ဒေသတွင်း ဝမ်းစာ စားရေရိက္ခာဖူလုံပိုလျှံပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်ရင် စီးပွားရေးတိုးတက်လာမှာ ဖြစ်ပါတယ်။

**ပညာ လုပ်သား လယ်သမား**

မြန်မာတို့ ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ဖို့ဆိုရင် စိုက်ပျိုးရေးကိုကြည့်၊ ရေဘယ်လောက်လောင်းသင့်သလဲ၊ ဓာတ်မြေဩဇာ ဘယ်လောက်ထည့်ရမလဲ ဆိုတာ သိနိုင်တဲ့ ပညာလိုပါလိမ့်မယ်။ ပိုးသတ်ဆေး မလွန်မကျွံအောင် ထည့်တတ်ရပါလိမ့်မယ်။ သမားရိုးကျနည်းနဲ့ဆိုရင် ဘယ်ကိစ္စမှ မည်မည်ရရ ဖြစ်ထွန်းနိုင်မှာ မဟုတ်ပါဘူး။ လုပ်ရိုးလုပ်စဉ်အတိုင်း၊ မိရိုးဖလာအတိုင်း လုပ်လို့ မရတဲ့ခေတ်ထဲမှာ ရောက်နေလို့ပဲ။ ဒီနေ့ခေတ်မှာ မြေနဲ့ ရေမှာ အချဉ်ဓာတ်ကိုတိုင်းတဲ့ pH (ပီအိတ်ချ်) မီတာကလည်း ဝယ်နိုင်လာတော့ လယ်သမားဟာ ပီအိတ်ချ် မီတာကို ခါးကြားထိုး၊ ပီအိတ်ချ်တိုင်း၊ သူ့ရဲ့ မြေဟာ ပီအိတ်ချ် ၅ ဖြစ်ရင် အာလူးစိုက်ရမှန်းသိတယ်။ ပီအိတ်ချ် ၆ ဆိုရင် မြေပဲနဲ့ ဂေါ်ဖီစိုက်ရမှန်း သိလာတဲ့ အဆင့်ရောက်လာပါတယ်။ ပညာလုပ်သားအင်အား (Knowledge base၊ skilled base work force) ကျွမ်းကျင်မှုတစ်ခုဟာ လူတိုင်း၊ မိသားစုဝင်တိုင်း လိုအပ်နေပြီဆိုတာ အလွန်ထင်ရှားပါတယ်။

၁၉၉၅–၁၉၉၆ ခုနှစ်လောက်က ထိုင်းဘုရင်မင်းမြတ်ဟာ ထိုင်းတောင်သူလယ်သမားတွေရဲ့ ပညာရေးအဆင့်အတန်းကို ဖော်ထုတ်စေတဲ့အခါ ပျမ်းမျှမူလတန်းအဆင့်သာရှိကြောင်း သိတော့ စိုက်ပျိုးရေးစွမ်းအားစု ပင်မတောင်သူလယ်သမားတွေရဲ့ ပညာရေးကိုမြှင့်တင်ပေးခဲ့ပါတယ်။ ထိုင်းနိုင်ငံမူလတန်းကလေးတွေဟာ လယ်ယာမြေတွေမှာ ပဲပင်တွေနဲ့ဝါ၊ နှမ်း၊ စပါး၊ အလှည့်ကျစိုက်ပျိုးနိုင်ကြောင်း အသိရှိသွားအောင် လယ်ယာစိုက်ပျိုးစွမ်းအားစု အရင်းအမြစ်ကို ထူထောင်ပေးခဲ့ပါတယ်။

ကိုယ့်တိုင်း ကိုယ့်ပြည်နယ်တစ်ခွင်မှာ ဘဝသစ်ဖန်တီးနိုင်မယ့် အမြော်အမြင်ကြီးမားတဲ့၊ ကြံရည်ဖန်ရည်ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ် လိုအပ်လျက်ရှိနေပါတယ်။ မြန်မာ့လယ်သမား အင်အားစုဟာ သမားရိုးကျ ဆန်ရေစပါးစိုက်ပျိုးမှုနဲ့ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံရဲ့ ဆန်တင်ပို့မှုကို ရေရှည်ဘယ်လို ယှဉ်မလဲဆိုတာ အထူးစဉ်းစားကြရပါလိမ့်မယ်။ ဘာကြောင့်လဲ။ ဒီလယ်ယာ လုပ်သားအင်အားစုကို ပညာရေးက မတ်နေအောင် လမ်းကြောင်းတစ်ခုနဲ့ ထောင်ပေးရပါလိမ့်မယ်။ ပြည်သူတို့ရဲ့ လိုအင်ကို ဖြည့်ဆည်းနိုင်ဖို့ တက္ကသိုလ်များက ပိုအားထုတ်ကြရလိမ့်မယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်တဲ့ လူသားအရင်းအမြစ်များ ရရှိစေရေး

*စာမျက်နှာ ၁၇ သို့*

**❖ ကိုယ့်တိုင်း ကိုယ့်ပြည်နယ်တစ်ခွင်မှာ ဘဝသစ်ဖန်တီးနိုင်မယ့် အမြော်အမြင်ကြီးမားတဲ့၊ ကြံရည်ဖန်ရည်ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ် လိုအပ်လျက်ရှိနေပါတယ်။ မြန်မာ့လယ်သမားအင်အားစုဟာ သမားရိုးကျ ဆန်ရေစပါးစိုက်ပျိုးမှုနဲ့ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံရဲ့ ဆန်တင်ပို့မှုကို ရေရှည်ဘယ်လို ယှဉ်မလဲဆိုတာ အထူးစဉ်းစားကြရပါလိမ့်မယ်။ ဘာကြောင့်လဲ။ ဒီလယ်ယာ လုပ်သားအင်အားစုကို ပညာရေးက မတ်နေအောင် လမ်းကြောင်းတစ်ခုနဲ့ ထောင်ပေးရပါလိမ့်မယ်။ ပြည်သူတို့ရဲ့ လိုအင်ကို ဖြည့်ဆည်းနိုင်ဖို့ တက္ကသိုလ်များက ပိုအားထုတ်ကြရလိမ့်မယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအတွက် ဒုတိယအကြိမ် စာအုပ်စာစောင်များလှူဒါန်း

**ရန်ကုန်  မတ်  ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များအတွက် ဒုတိယအကြိမ် စာအုပ်စာစောင်များလှူဒါန်းပွဲကို မတ် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဟိန်းလတ်က တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ စာကြည့်တိုက်များအတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၄၄၉ အုပ်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေအားလည်းကောင်း၊ အကျဉ်းဦးစီးဌာနရှိ စာကြည့်တိုက်အတွက် ငွေကျပ် ၁၁၈၅၂၀၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၅၂၂ အုပ်ကို တာဝန်ရှိသူတစ်ဦးအားလည်းကောင်း၊ တိုင်းမှူး၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခရိုင်မှ စာကြည့်တိုက် ၁၂၀ အတွက် ငွေကျပ်သိန်း ၅၅၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၁၄၀၄၀ ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်တာဝန်ခံများထံ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပေးအပ်သော ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ကိုယ်စား) ညွှန်ကြားရေးမှူး ဦးဆန်းဝင်းအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည်။ **အာကာစိုး**



*စာမျက်နှာ ၁၆ မှ*

ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားဖို့ အားပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နေရပါတယ်။ မြို့ပြနဲ့ ကျေးလက်စီးပွားရေးကို တန်းတူထားကာ ကျေးလက်စီးပွားရေးနဲ့ မြို့ပြစီးပွားရေးတို့အကြား ချိတ်ဆက်ပေါင်းစည်းခြင်းဖြစ်ပြီး အလုပ်အကိုင်ရရှိမှု၊ ပညာတတ်မြောက်မှုနဲ့ ကျန်းမာရေးကောင်းမွန်မှုတို့အတွက် လယ်ယာပြင်ပနဲ့ လယ်ယာမဟုတ်တဲ့ကဏ္ဍများ၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာများ၊ ပညာရေး၊ ကျန်းမာရေးနဲ့ အုပ်ချုပ်မှုတို့မှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကျေးလက်ပြည်သူများရဲ့ ဘဝကို ထိန်းသိမ်းနိုင်မယ့် ကျေးလက်ဒေသတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ၅၂ ရာခိုင်နှုန်းသော လယ်ယာလုပ်သားများက တိုင်းပြည်ရဲ့ ဂျီဒီပီ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနေပါတယ်။

ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေကတော့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီးများကို အကြောင်းပြုပြီး လယ်ယာသားငါး စိုက်ပျိုးသီးနှံ ဆန်ရေစပါး ပေါကြွယ်ဝရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီအောင် စက်မှုလုပ်ငန်းတွေကို အင်တိုက်အားတိုက် တပ်ဆင်ကာ ထူထောင်နိုင်ပါတယ်။ လိုအပ်တဲ့ စွမ်းအင်ကိုတော့ ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ကို သုံးရလိမ့်မယ်။ အလုပ်အကိုင်တွေ ပေါလာမယ်။ ဆင်းရဲမွဲတေမှုတွေ လျော့ကျလာမယ်။ ချမ်းသာလာမယ်။ နိုင်ငံမှာလည်း အေးချမ်းမယ်၊ ပြည်တွင်းနိုင်ငံရေးတင်းမာမှုတွေ ကင်းဝေးသွားရင် မြန်မာဟာ မြန်မြန်ဆန်ဆန် တောင့်တောင့်တင်းတင်းနဲ့ အေးချမ်းသာယာတဲ့ ဘဝကို မျက်မှောက်ပြုနိုင်မှာဖြစ်ပါတယ်။

ပင်ပန်းဆင်းရဲမှုတွေ ထူပြောတဲ့ဘဝက တောင်သူလယ်သမား၊ အလုပ်သမားထုကြီးကို လွတ်မြောက်ရန် စက်မှုလယ်ယာကို ကူးပြောင်းခြင်း၊ အထွက်တိုးစပါးတွေ ပြောင်းလဲစိုက်ပျိုးခြင်း သံသရာထဲမှာရှိနေဆဲပါပဲ။ စိုက်ပျိုးရေးမှာ နည်းပညာမြင့်ကျွမ်းကျင်လူ့စွမ်းအား ရှားပါးနေခြင်းကြောင့် အရည်အသွေးမီ သီးနှံထွက်မှုမှာ နိမ့်ကျလျက်ရှိနေပါတယ်။

၂၀ ရာစု မြန်မာနိုင်ငံဟာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရတဲ့ ကံကြမ္မာ၊ နှစ်ပေါင်း တစ်ရာကျော်ကြာတိုင် တိုင်းတစ်ပါးလက်အောက် ရောက်ခဲ့ရခြင်း၊ ထိုဘဝမှ ရုန်းထွက်ရခြင်း၊ နိုင်ငံရေးအယူဝါဒတွေ အမျိုးမျိုးကြောင့် စီးပွားရေးစီမံကိန်းတွေ ထင်သလောက် မအောင်ခြင်ခြင်းတွေဟာ အကြောင်းတရားမျိုးစုံထဲက အကြောင်းတရားများပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတကာရဲ့ အတွေ့အကြုံတွေကို အကြောင်းပြုရင် မြန်မာတောင်သူလယ်သမားတွေဟာ ရေခံမြေခံကောင်းတဲ့ ပတ်ဝန်းကျင်မှာရှိနေတာကို တန်ဖိုးထားတတ်ဖို့ တိုင်းပြည်ရဲ့ ယနေ့အစိုးရဟာ လူအများစုကို အကျိုးပြုစေမယ့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင်တာစူတဲ့ လုပ်ငန်းတွေထဲမှာ MSME လုပ်ငန်းတွေ ကြီးထွားလာဖို့ အားပေးနေတာကို တွေ့မြင်ရပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ လူ့စွမ်းအားအရင်းအမြစ်အတွက် အထူးလိုအပ်နေတဲ့ စက်မှုစိုက်ပျိုးသိပ္ပံကျောင်းတွေ တည်ထောင်နေတာ ခြေလှမ်းသစ်တွေဖြစ်ကြောင်း တက္ကသိုလ်တက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ လူထုအတွင်းမှာ အလုပ်လုပ်နိုင်တဲ့သူဖြစ်အောင် ပြင်ဆင်ပေးတာဖြစ်ပါတယ်။ တက္ကသိုလ်၊ ကောလိပ်တွေက ပါမောက္ခ၊ ဌာနမှူးကြီးများရဲ့ တာဝန်တွေဟာ ပြောင်းလဲလာတဲ့တောင်းဆိုမှုတွေအရ ပို၍ကြီးမားလာပါတယ်။ သင်ကြားရေး သုတေသနနဲ့ ထပ်ဆင့်တီထွင်မှုတွေကို ပိုပြီး ဦးစားပေး လုပ်လာကြရပါတယ်။ ပါမောက္ခကနေ ဆရာ၊ ဆရာမတွေဟာ လူထုလိုအပ်ချက်၊ စက်ရုံတွေလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ဖြည့်ဆည်းသွားကြရမှာဖြစ်ပါတယ်။ အခြေခံအင်အားတစ်ရပ်ဖြစ်တဲ့ အစိုးရကျောင်းတွေက ဆရာ ဆရာမများရဲ့အားကိုလည်း အားထားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အမိုးနီးယားထုတ်နိုင်တော့ ယူရီးယားထုတ်၊ နိုက်ထရိတ်ထုတ်၊ အမိုနီယမ်ဆာလ်ဖိတ်လည်းထုတ်နိုင်ပြီး တောင်သူလယ်သမားတွေ လယ်ယာမှာသုံးနိုင်တော့ ဂျုံစပါးတွေ အထွက်တိုးပြီး ငတ်မွတ်ခေါင်းပါးမှုက တစ်နည်းတစ်ဖုံလွတ်ပြီလို့ ပြောနိုင်ပါတော့တယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ စက်မှုလုပ်ငန်းကျွမ်းကျင်သူတွေဟာလည်း ယနေ့အထိ ရှားပါးပစ္စည်း။ စက်မှုနိုင်ငံမဆိုထားဘိ၊ စက်မှုလယ်ယာမှာပင် ချည့်နဲ့နေဆဲ၊ တစ်ပိုင်တစ်နိုင် တစ်အုပ်တစ်မနဲ့ သွားနေရဆဲဖြစ်ပါတယ်။

ဒါ့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်တဲ့ လူသားအရင်းအမြစ်များ ရရှိစေရေး ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားဖို့ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှုနဲ့ ပတ်သက်လို့ ယခုအချိန်မှာ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ထားပေမယ့် အချို့သော ကျောင်းသားကျောင်းသူများအနေနဲ့ လုံခြုံရေးအရ၊ စီးပွားရေးအရ ပညာ ပြန်လည်သင်ကြားမှု မရှိတာလည်းရှိကြောင်း၊ ဒါကြောင့် ယနေ့ခေတ်အချိန်အခါမှာ ပို့ချသူဆရာဆရာမများရဲ့ ပညာအရည်အသွေး၊ သဘောထား၊ အမြော်အမြင် မြင့်မားမှုဟာ လိုအပ်ချက်တစ်ခု၊ ကုန်ပစ္စည်းသဘောနဲ့ကြည့်ရင် ထူးချွန်ပြောင်မြောက်တဲ့၊ တီထွင်ကြံဆနိုင်တဲ့လူ မဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့ လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆရာဆရာမများဟာ မည်သည့်အဆင့်မှာပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟု သဘောမထားတော့ဘဲ လူ့အဖွဲ့အစည်းရဲ့အရေးကိစ္စဖြစ်တဲ့အတွက် ဆရာ ဆရာမအပေါင်းနဲ့ ဒေသတွင်းက ကျောင်းသားအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ဖို့ ဖြစ်ပါတယ်။

**မြစ်ကြီး သုံးသွယ်**

အမြဲစွတ်စိုလျက်ရှိတဲ့ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ်။ ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက် ချမ်းသာဖို့ပဲ။ ဒီလိုခေတ် အခြေအနေမှာ သိပ္ပံပညာနည်းပညာ၊ စိုက်ပျိုးရေး၊ စီးပွားရေးဘွဲ့ရတွေဟာ ကိုယ်ပိုင်စီးပွားရေးကုမ္ပဏီကြီးတွေ တည်ထောင်၊ ဘဏ်လုပ်ငန်းကြီးတွေ တည်ထောင်၊ ရေနံကုမ္ပဏီကြီးတွေ တည်ထောင်ဖို့တာစူရမယ်။ အလုပ်လုပ်ဖို့ ပညာသင်ရမယ်။ ဒီလိုဆိုရင် မြန်မာ့အနာဂတ်ဟာ သေချာရေရာပါမယ်။ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်မှာရှိတဲ့ တက္ကသိုလ်တွေဟာ ဧရာဝတီမြစ်ကို အကြောင်းပြုပြီး ဓာတုဗေဒရှုထောင့်ကသာမက ကြွယ်ဝမှုအဖုံဖုံကို စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်း၊ သင်ကြားခြင်းလုပ်ကြရင် ဒီတက္ကသိုလ်တွေက ဝန်ဆောင်မှုပေးနိုင်ခြင်းဟာ အဲဒီတက္ကသိုလ်ရဲ့ အဆင့် (Ranking) တွေပဲ ဖြစ်ပါတယ်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက် ဖွဲ့စည်းထားတဲ့ တက္ကသိုလ်အစုအဖွဲ့ (Cluster Universities) တွေဟာ နိုင်ငံရဲ့ အရင်းအနှီးကို ထပ်ဆင့်ပေါက်ဖွားပေးနိုင်မှာဖြစ်ပါတယ်။

ဆည်မြောင်း တာတမံတွေဟာ ရေထိန်းဖို့၊ ရေတင်ဖို့ဖြစ်ပါတယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေဟာ နေရာအနှံ့နီးပါးရနေသေးတဲ့ အနေအထားဖြစ်တာကို သတင်းစာတွေမှာ ဖတ်ရှုရပါတယ်။ လျှပ်စစ်မော်တော်ယာဉ်တွေသုံးစွဲဖို့ တာစူနေတာ၊ ရေအားလျှပ်စစ်ရဖို့ နေရောင်ခြည်စွမ်းအင်ရဖို့ ကြိုးပမ်းမှုတွေဟာ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ဖြစ်တာမို့ မြန်မာ့တောင်သူလယ်သမားတို့ စိတ်အေးရပြီလို့ ရေးရခြင်းဖြစ်ပါတယ်။

**“ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်တယ်။ “MSME လုပ်ငန်းများရဲ့ ရည်ရွယ်ချက်က ပြည်တွင်းစီးပွားရေးဖြစ်တဲ့ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ရော်ဘာကုန်ကြမ်းများကို အသုံးပြုပြီး သွင်းကုန်အစားထိုးကုန်ချောဖြစ်တဲ့ ရော်ဘာပြားများ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နဲ့ မော်တော်ကားတာယာများ ထုတ်လုပ်နိုင်တဲ့ MSME လုပ်ငန်းများ ပေါ်ပေါက်လာစေရန် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း”။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

ယနေ့တက္ကသိုလ်များဟာ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ်ဖြစ်ရေးအတွက် ဆက်လက်ကြိုးပမ်းရာမှာ သမားရိုးကျဗဟိုဦးစီးအုပ်ချုပ်မှုပုံစံမှ ပိုမိုနွေးထွေးတဲ့ မိသားစုပုံစံ (Corporate Model) အသွင်နဲ့ ကျောင်းသားနဲ့ မိဘများရဲ့ လိုအင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ထုတ်လုပ်ရာမှာ ပုံစံသစ်နဲ့သွားရမှာ ဖြစ်ပါတယ်။

မြန်မာ့လယ်သမားအင်အားကို ခေတ်မီအင်အားစုဖြစ်ဖို့ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ လက်ရှိဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေမှာ ဆန်စပါးစိုက်ပျိုး ငါးမွေးမြူရေး မဟာဌာနကြီးအဖြစ် ပြောင်းလဲသင့်က ပြောင်းလဲရမှာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ ပညာရေးအဆင့်မြင့်ဖို့ နိုင်ငံက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အားထားရပါမယ်။

လူ့သမိုင်းစဉ် တစ်လျှောက်လုံးမှာ ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနဲ့ နည်းပညာဟာ ဒီနေ့လူ့အဖွဲ့အစည်းအတွက် အင်အားကြီးမားစွာ ဖန်တီးပေးနေပါတယ်။ သိပ္ပံနဲ့နည်းပညာနယ်ပယ်ထဲက သုတေသနတွေကြောင့်၊ လေ့လာမှုရလဒ်တွေကြောင့် ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ကိစ္စမှာ သိပ္ပံပညာအခြေခံတွေဟာ အကြောင်းတရားပဲဖြစ်ခဲ့ပါတယ်။ အမေရိကန်တို့ဟာ ၁၈၇၀ ပြည့်နှစ်မှာ စက်မှုလယ်ယာကို တည်ထောင် နိုင်ခဲ့ပြီဖြစ်ပါတယ်။ စက်ရုံအလုပ်ရုံများမှာ ကုန်ပစ္စည်းမျိုးစုံကို ထုတ်လုပ်၊ ဈေးကလည်း သက်သာ၊ ပစ္စည်းတွေကလည်း သေသပ်လှပပြီး လူကြိုက်များခဲ့ပါတယ်။ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ခဲ့ပါတယ်။ စက်မှုနည်းပညာထွန်းကားခြင်းရဲ့ရလဒ်ပဲ။ သိပ္ပံနဲ့ နည်းပညာထွန်းကားတဲ့ နိုင်ငံတွေဟာ ပိုပြီးချမ်းသာသွားကြပါတယ်။

ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

စက်မှုလယ်ယာ စက်စွမ်းအားနဲ့နည်းပညာထည့်လိုက်ရင် ဆန်စပါးနဲ့ ပဲမျိုးစုံ တင်ပို့နိုင်တဲ့ နိုင်ငံအဖြစ်ရောက်နိုင်တာမို့မြန်မာတောင်သူလယ်သမားတို့ဟာ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ချမ်းသာတဲ့ သူဌေးကြီးတွေ ဖြစ်လာမှာဖြစ်ကြောင်း ယုံကြည်မှုရှိရှိ၊ ဝီရိယရှိရှိဖြင့် ရှေ့သို့ချီတက်ရန်ဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေး



**ရန်ကုန် မတ် ၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာ သန်းမြင့်နှင့် ဒေါက်တာ မြင့်သူမြိုင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ **(ယာပုံ)** နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာတို့၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ ကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိနှင့် ဘိုးဘွားအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

**နေပြည်တော် မတ် ၃**

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Online မှတစ်ဆင့် လိမ်လည်မှုကျူးလွန်ခြင်း၊ လောင်းကစားခြင်းကို ဇန်းပြု၍ ငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ Online အသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင် ချေးငွေလုပ်ငန်း လုပ်ကိုင်သူများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ် ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application ၊ Cash Now Application ၊ Cola Kyat Application နှင့် U Loan Application တို့အား အသုံးပြုပြီး တရားမဝင် ချေးငွေလုပ်ငန်း လုပ်ကိုင်နေကြသည့် ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီး အရေးယူခဲ့ရသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ကတ်လျှင် ကျပ်တစ်သောင်းဖြင့် ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင် ချေးငွေလုပ်ငန်းများတွင် အသုံးပြုရန် Bank Account များ ဖွင့်လှစ်၍ လုပ်ကိုင်ကြောင်း တွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ် ငှားရမ်းသူများ အနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်သည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက် ခြင်း၊ ချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းများ တွင် ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့် အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်း မပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

- (က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
- ( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
- ( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
- (ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊
- ( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ သီတာအောင်သည် ၎င်းအသုံးပြုသည့် “Thidar Aung” Facebook အကောင့်နှင့် မင်္ဂလာဒုံမြို့နယ် မြောက်ပိုင်းရပ်ကွက်နေ ဝင်းရွှေသည် ၎င်းအသုံးပြုသည့် “Win Shwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၃**
ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် ဂွမြို့ရှိ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူ မျက်စိခွဲစိတ်လူနာ ၁၂ ဦးအား ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ခွဲစိတ်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် မျက်စိ အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ မျက်စိခွဲစိတ်လူနာများအား ဂွမြို့သို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။ ၎င်းနောက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂွမြို့မှ သပြုချိုင်သို့ ဆက်လက်ထွက်ခွာကြသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

ပင်လယ်ရေ ဆေးရုံအဖွဲ့လာမယ်။ ဆေးကုမယ့်အဖွဲ့အိုသာသနာ့ဗိမာန်မှာ ပြလို့ရတယ်ဆိုတာ သူတို့က ပြောထားလို့ လာကြတာပေါ့။ နယ်ကနေပြီးတော့ ဆယ်မိုင်ခရီးပေါ့၊ ကျွန်မတို့ဆီကနေဆိုတော့။ မျက်စိကတိမ်ပေါ်လို့လာတာ။ အခုခွဲပြီးတဲ့အခါကျတော့လည်း မြင်သွားပြီပေါ့။ မြင်သွားတော့ သင်္ဘောပေါ်လာတာရော၊ ဟိုမှာ စမ်းသပ်စစ်ဆေးတာရော အရာအားလုံး ဒီကဆရာတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ မျက်စိသမားတွေရဲ့ ကိုယ်စားပေါ့။ သင်္ဘောပေါ် ရောက်လာလည်း စားဝတ်နေရေး ဘာမှပူစရာမလိုဘူး။ အကုန်အဆင်ပြေအောင် တွဲသင့်တဲ့သူတွဲ၊ ပိုးသင့်တဲ့သူပိုးပေါ့နော် လုပ်ပေးတဲ့အတွက် အရာအားလုံးကို ကျေးဇူးတင်ပါတယ်လို့။ အမေကြီးကတော့ နဂိုကမျက်စိတစ်လုံးပဲ မြင်ပြီးတော့ အခုနှစ်လုံး စလုံးမြင်ရတဲ့အတွက် အမေကြီး မျက်စိမြင်သလို အဲဒီပညာတတ်ကြီးတွေက ဒီထက်အဆင့်မြင့် တိုးတက်အောင်မြင်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်စေချင်ပါတယ်။ နောက်နောင်ကိုလည်း ဒီထက်အများကြီး ဒီလိုပြုစုစောင့်ရှောက် ပေးနိုင်ပါစေလို့ အမေကြီးကတော့ ပြောချင်ပါတယ်။ နောက်ထပ်ဒီလိုပဲ လာစေချင်တယ်။ နောက်နှစ်နောက်နှစ်တွေလည်း လာနိုင်ပါစေလို့ အမေကြီးက ဆုတောင်းပါတယ်။ သွားလမ်းသာလို့ လာလမ်းဖြောင့်ပြီးတော့ လိုရာခရီးကိုရောက်ပြီးတော့ ဒီထက်တိုးတက်အောင်မြင်တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေဖြစ်ပါစေလို့ ဆန္ဒပြုပါတယ်။ အခုလိုပေါ့နော် လာတဲ့အဖွဲ့တွေကော၊ စီစဉ်ညွှန်ကြားပေးတဲ့လူတွေကော၊ ပြုစုစောင့်ရှောက်ပေးတဲ့လူတွေကော အားလုံးကို ကျေးဇူးတင်ပါတယ်လို့၊ ဒါရင်ထဲက စကားပါ။





ဒေသခံပြည်သူတစ်ဦး



ဒေသခံပြည်သူတစ်ဦး



ဒေသခံပြည်သူတစ်ဦး

လူကြီးတွေက လာပြီးတော့ မျက်စိခွဲမလို့ လာဖို့တဲ့။ သင်္ဘောနဲ့ပေါ့။ တပ်မတော်က လာဖို့တဲ့။ စာရင်း လာကောက်သွားတယ်။ စာရင်း ကောက်သွားပြီးတော့ လာပြောတယ်။ လာပြောတဲ့အခါကျတော့ ဗုဒ္ဓဟူးနေ့ကို ဒီဗိမာန်ကြီးမှာ လာပြဆိုတော့ လာပြတယ်။ လာလည်းပြရော အဲ့ဒီနေ့ ၃ နာရီမှ ပြရတယ်။ ပြတော့ အဲဒီနေ့က ခွဲဖို့အချိန်မမီတော့ မနေ့ကမှ တစ်ခါလာပြတာပေါ့။ အဲဒီနေ့က ကိုးနာရီမှာလာတယ်။ လာတဲ့အခါကျတော့ ပြတယ်။ ပြလည်းပြီးရော ခွဲဖို့ကိုတစ်နာရီ လာပြီးခွဲတော့ ကျေးဇူးလည်းတင်ပါတယ်။

သာသနာ့ ဗိမာန်ကနေ သင်္ဘောပေါ်ကိုကားနဲ့ ဟိုဘက်ကနေ ခေါ်လာတယ်။ ခေါ်လာပြီးတော့မှ ဇက်ပေါ်ရောက်တယ်။ အဲဒီဇက်ပေါ်ကနေမှ ဒီသင်္ဘောကြီးပေါ်ကို လာခဲ့ရတယ် အဲဒီလိုမျိုးပါ။ လိုလေသေးမရှိ အဆင်ပြေတယ်။ အားလုံးလိုလေသေးမရှိ မနက်စာလည်း ကျွေးတယ်၊ ညစာလည်းကျွေးပေးတယ်ပေါ့နော်။ တာဝန်ကျေပါတယ်။ ကျေးဇူးလည်းတင်တယ်။ နိုင်ငံတော်အကြီးအကဲနဲ့ ယခုလွှတ်လိုက်တဲ့ဆရာတွေ၊ အဖွဲ့သားတွေ အကုန်လုံးကိုလည်း နောက်နှစ်ခါလည်း လာစေချင်တယ်။ လွှတ်ပေးစေချင်တယ်။ လာနိုင်အောင်လည်း ဆုတောင်းပေးပါတယ်လို့။ **သတင်းစဉ်**

---


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၃**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၃ - ၂၀၂၃

### ရွှေ

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၆၆၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၇၂၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၃၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၂၅ ကျပ် | ၂၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၂၀ ကျပ် | ၂၁၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၉ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၅၂၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၂ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၂၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၇၃၄ | ၆၀၉၂၂၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၆၆၂၃ | ၂၀၅၃၇၀၅၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂၇ | ၂၀၂၅၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၂၅၃ | ၂၀၈၀၁၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၂ | ၃၁၂၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၃၉ | ၃၆၁၄၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၀ | ၃၄၃၀၀၀ |

ညီညီ - စုစည်းသည်



# ဒဗ္ဗလင်၌ ထိုးသတ်ရန် ကာမီရွန်ကို တေလာစိန်ခေါ်

ကေတီတေလာသည် မေ ၂၀ ရက်တွင် ဒဗ္ဗလင်၌ ၎င်းရွေးချယ်ထားသော ဝိတ်တန်းတွင် ထိုးသတ်မည့်ပွဲစဉ်အတွက် ချန်တဲလ်လီ ကာမီရွန်ကို စိန်ခေါ်လိုက်သည်။

တေလာသည် ဒူဘလင်ရှိ ၃ အရီနာ အားကစားကွင်း၌ အေမန်ဒါ ဆာရာနိုနှင့် ကမ္ဘာ့လိုက်ဝိတ်တန်းချန်ပီယံဆုအတွက် မကျော့ပွဲထိုးသတ်ရန် သတ်မှတ်ထားသော်လည်း ပြိုင်ဘက်ပွာတိုရီကိုလက်ဝှေ့မယ်မှာ ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ကြောင်း သိရသည်။

တေလာသည် ကမ္ဘာ့လိုက်ဝဲလ်တာဝိတ်ချန်ပီယံ ကာမီရွန်ကို ကြာသပတေးနေ့က အင်စတာဂရမ်တွင် ရေးသားကာ စိန်ခေါ်ခဲ့ခြင်း ဖြစ်သည်။ တေလာသည် လက်ဝှေ့လောကတွင် ၂၂ ပွဲ ထိုးသတ်ထားကာ ခြောက်ပွဲ အလဲထိုး အပါအဝင် ၂၂ ပွဲစလုံးအနိုင်ရရှိထားသူဖြစ်သည်။

ကာမီရွန်ကလည်း လက်ဝှေ့လောကတွင် ၁၇ ပွဲ ထိုးသတ်ထားပြီး ၁၇ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ အဆိုပါ နိုင်ပွဲ ၁၇ ပွဲထဲမှ ရှစ်ပွဲမှာ ပြိုင်ဘက်ကို အလဲထိုးခြင်းဖြင့် အနိုင်ရရှိထားသည်။

ထို့ကြောင့် လက်ဝှေ့လောကတွင် မှတ်တမ်းကောင်းများ ပိုင်ဆိုင်ထားသည့် တေလာနှင့် ကာမီရွန်တို့၏ပွဲစဉ် ဖြစ်မြောက်လာမလား စောင့်ကြည့်ရမည် ဖြစ်သည်။

## ဒူဘိုင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဂျိုကိုဗစ် တက်လှမ်း

ကမ္ဘာ့နံပါတ်တစ် နိုဗက် ဒီဂျိုကိုဗစ်သည် ဒူဘိုင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ပိုလန်တင်းနစ်ကစားသမားဟာကက်ဇ်ကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ဂျိုကိုဗစ်သည် ပြိုင်ဘက်ကို ၆-၃၊ ၇-၅ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အသက် ၃၅ နှစ်အရွယ် ဒီဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်တွင် ၎င်း၏ အဓိကပြိုင်ဘက် မက်ဗီဒက်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မက်ဗီဒက်ဇ်က ကွာတားဖိုင်နယ်တွင် ခရိုအေးရှားပြိုင်ဘက်ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိထားသည်။



## တိုက်စစ်အကောင်းဆုံး မန်စီးတီးနဲ့ ခံစစ်အကောင်းဆုံး ကာဆယ်တို့ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ

■ အောင်ဇော်

ယခုသီတင်းပတ်မှာ ပရီမီယာလိဂ် ပွဲစဉ် (၂၆) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်စီးတီးက နယူးကာဆယ်၊ နာမည်ကြီး လီဗာပူးက ခြေစွမ်းထက်နေတဲ့ မန်ယူစတဲ့ အသင်းကြီးအချင်းချင်း တွေ့ဆုံနေတဲ့ပွဲစဉ်တွေ ပါဝင်နေသလို တန်းဆင်းဇုန်အတွင်း လွတ်မြောက်ရေး မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတဲ့ ဆောက်သမ်တန်က နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ထားတဲ့ လက်စတာအသင်းနဲ့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### မန်စီးတီးနဲ့ နယူးကာဆယ်

နောက်ဆုံးလေးပွဲမှာ သရေ နှစ်ပွဲနဲ့ ရှုံးပွဲနှစ်ပွဲကြုံတွေ့ထားတဲ့ နယူးကာဆယ်အနေနဲ့ ဦးဆောင်သူ အာဆင်နယ်ကို ထပ်ကြပ်မကွာဖိအားပေးဖို့ ကြိုးစားလာမယ့် မန်စီးတီးအသင်းကို ခြေကုန်ထုတ်လာမှာပါ။ လက်ရှိ ပရီမီယာလိဂ်မှာ မန်စီးတီးအသင်းက ရဂိုး ၆၄ ဂိုးနဲ့ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရှိနေပြီး ပြိုင်ဘက် နယူးကာဆယ်အသင်းက ပေးဂိုး ၁၅ ဂိုးနဲ့ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ ဒါကြောင့် တိုက်စစ်အကောင်းဆုံးအသင်းနဲ့ ခံစစ်အကောင်းဆုံးအသင်းတွေ့ဆုံမှုမှာ ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ဆောက်သမ်တန်နဲ့ လက်စတာ

နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ထားတဲ့ ဆောက်သမ်တန်က လက်ရှိ တန်းဆင်းဇုန်အောက်ဆုံးမှာ ရပ်တည်နေတာကြောင့် လက်စတာကို မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ ထိုနည်းတူ လက်စတာကလည်း နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ထားတာကြောင့် နိုင်ပွဲရရှိရေး အသေအချာပြင်ဆင်လာမှာပါ။ ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဆောက်သမ်တန်ရော လက်စတာအသင်းပါ ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီဖြစ်တာကြောင့် ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်သော်ငြား လက်စတာအသင်းထက် ဆောက်သမ်တန်အသင်းရဲ့ ရုန်းအားကို ကြည့်ရမယ်။

### လီဗာပူးနဲ့ မန်ယူ

နှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးအကြိမ်မှာ အပြန်အလှန်သွင်းဂိုးတွေနဲ့ အကြိတ်အနယ်ရှိပြီး မန်ယူက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားတယ်။ မန်ယူက ကာရာဘောင်ဖလားကို ပူပူနွေးနွေးဆွတ်ခူးရရှိထားသလို အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း နောက်တစ်ဆင့်တက်ရောက်ထားနိုင်တယ်။ ယူရိုပါလိဂ်မှာလည်း နောက်တစ်ဆင့်တက်လှမ်းထားနိုင်တာကြောင့် မန်ယူအသင်းကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ နိုင်လိုစိတ်ပြင်းထန်မှုက လီဗာပူးအသင်းကစားသမားတွေထက် သာလွန်နေတာ တွေ့ရတယ်။ မန်ယူက အဝေးကွင်း ရလဒ်မကောင်းတတ်ပေမယ့် ခက်ခက်ခဲခဲကစားရပြီး လီဗာပူးကို အနိုင်ရဖွယ်ရှိတယ်။

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒု-ကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

ယခုတစ်ပတ် မတ် ၇ ရက်နဲ့ ၈ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ် ၁၆ သင်း အဆင့်မှ ဒုတိယအကျော့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့မှာ အသာရယူနိုင်တဲ့အသင်းတွေအနေနဲ့ ဒုတိယအကျော့မှာလည်း ဆက်လက်အသာရယူကာ နောက်တစ်ဆင့် တက်လှမ်းသွားနိုင်မလား စောင့်ကြည့်စရာပင်။

| ချန်ပီယံလိဂ် ၁၆ သင်း ဒု-ကျော့ | |
|---|---|
| ၇-၃-၂၀၂၃ | အင်္ဂါနံနက် ၂း၃၀ |
| ဘင်ဖီကာ - ကလပ်ဘရုဂ် | |
| ချယ်ဆီး - ဒေါ့မွန် | |
| ၈-၃-၂၀၂၃ | ဗုဒ္ဓဟူးနံနက် ၂း၃၀ |
| စပါး - အေစီမီလန် | |
| ဘိုင်ယန်မြူးနစ် - ပီအက်စ်ဂျီ | |

### ဘင်ဖီကာ VS ကလပ်ဘရုဂ်

ပထမအကျော့ရလဒ် ကလပ်ဘရုဂ် ၀-၂ ဘင်ဖီကာ

အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ ကလပ်ဘရုဂ်အနေနဲ့ အဝေးကွင်းမှာတော့ ပြတ်ပြတ်သားသား အနိုင်ရဖို့ မလွယ်ဘူး။ ကလပ်ဘရုဂ်ထက် ဘက်စုံထောင့်စုံ သာလွန်တဲ့ ဘင်ဖီကာအသင်း အသာရကာ နောက်တစ်ဆင့်တက်မယ်။

### ချယ်ဆီး VS ဒေါ့မွန်

ပထမအကျော့ရလဒ် ဒေါ့မွန် ၁-၀ ချယ်ဆီး

ပုံစံကောင်းပျောက်ဆုံးနေတဲ့ ချယ်ဆီးအသင်းက ဒေါ့မွန်ကို အနိုင်ယူပြီး ကျော်ဖြတ်ဖို့ဆိုရင် သာမန်စွမ်းဆောင်ရည်ထက် ထူးကဲနေမှ ရလိမ့်မယ်။ ခြေစွမ်းထက်တဲ့ ဒေါ့မွန်ကို အိမ်ကွင်းမှာ အနိုင်ယူပြီး ချယ်ဆီးနောက်တစ်ဆင့် တက်ဖွယ်ရှိတယ်။

### စပါး VS အေစီမီလန်

ပထမအကျော့ရလဒ် အေစီမီလန် ၁-၀ စပါး

စပါးအသင်းက ပထမအကျော့မှာ ရှုံးနိမ့်ထားတာကြောင့် ယခုဒုတိယအကျော့မှာ နောက်တစ်ဆင့်တက်ရေးအတွက် မဖြစ်မနေပြတ်သားတဲ့ရလဒ် ဖော်ဆောင်နိုင်ဖို့ လိုအပ်တယ်။ အေစီမီလန်ထက် စပါးအသာရဖွယ်ရှိတယ်။

### ဘိုင်ယန်မြူးနစ် VS ပီအက်စ်ဂျီ

ပထမအကျော့ရလဒ် ပီအက်စ်ဂျီ ၀-၁ ဘိုင်ယန်

အိမ်ကွင်းမှာ ရှုံးနိမ့်ထားတဲ့ ပီအက်စ်ဂျီအသင်းအနေနဲ့ အဝေးကွင်းမှာလည်း ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရဖို့ မလွယ်ဘူး။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပြီး ဘိုင်ယန်မြူးနစ် အသာရဖွယ်ရှိတယ်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- နယူးကာဆယ်မှ ဘရာဇီးကွင်းလယ်ကစားသမား ဂူမာရက်စ် (၂၅နှစ်) ကို ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်း စောင့်ကြည့်နေသည်။
- အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် ကွန်ပနီ၏ ဘန်လေက မန်စီးတီး၊ မန်ယူက ဖူလ်ဟမ်၊ ဘရိုက်တန်က ဂရင်စ်ဘီ၊ ရှက်ဖီးက ဘလက်ဘန်းအသင်းတို့နှင့် တွေ့ဆုံနေသည်။ အဆိုပါပွဲစဉ်များကို မတ် ၁၇ ရက်တွင် စတင်ကစားသွားမည်ဖြစ်သည်။
- မတ် ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ပထမအကျော့တွင် ဘာစီလိုနာအသင်းက ခါးသီးပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းကို တစ်ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

| ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၃) | |
|---|---|
| ၄-၃-၂၀၂၃ | စနေနေ့ |
| ယူနီယံဘာလင်-ကိုလုံး | ည ၉း၀၀ |
| မိန့်ဇ် - ဟော်ဖန်ဟိန်း | ည ၉း၀၀ |
| မိုချန်ဂလာဘတ်-ဖရိုင်းဘတ် | ည ၉း၀၀ |
| ဘိုချန် - ရှော်ကေး | ည ၉း၀၀ |
| အော့စ်ဘတ် - ဘရီမင် | ည ၉း၀၀ |
| စတုဂတ် - ဘိုင်ယန် | ည ၁၂း၀၀ |
| ၅-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| လေဗာကူဆင်-ဟာသာဘာလင် | ည ၉း၀၀ |
| ဝုဖ်ဘတ် - ဖရန့်ဖတ် | ည ၁၁း၀၀ |

| ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၂၆) | |
|---|---|
| ၄-၃-၂၀၂၃ | စနေနေ့ |
| လန်းစ် - လိုင်လီ | ည ၁၀း၃၀ |
| ပီအက်စ်ဂျီ - နန့်တက်စ် | နံနက် ၂း၃၀ |
| ၅-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| ထရွိုင်းယပ်စ် - မိုနာကို | ည ၆း၃၀ |
| မွန့်ပယ်လီယာ -အိန်းဂျား | ည ၈း၃၀ |
| စထရာဘော့ - ဘရက်စ် | ည ၈း၃၀ |
| ရိမ်းစ် - အေဂျက်စီယို | ည ၈း၃၀ |
| တူးလော့စ် - ကလီမွန့် | ည ၈း၃၀ |
| လိုင်ယွန် - လော်ရီယန့် | ည ၁၀း၃၅ |
| ရင်းနက်စ် - မာဆေးလ် | နံနက် ၂း၁၅ |

■ မိုးဇက် - စုစည်းသည်

| အီတလီစီးရီးအေ ပွဲစဉ် (၂၅) | |
|---|---|
| ၄-၃-၂၀၂၃ | စနေနေ့ |
| မွန်ဇာ - အမ်ပိုလီ | ည ၈း၃၀ |
| အတ္တလန်တာ - အူဒီးနိစ် | ည ၁၁း၃၀ |
| ဖီအိုရင်တီးနား-အေစီမီလန် | နံနက် ၂း၁၅ |
| ၅-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| စပီဇီယာ - ဗီရိုနာ | ည ၆း၀၀ |
| ဆမ်ဒိုးရီးယား-စလာနီတာနာ | ည ၈း၃၀ |
| အင်တာမီလန်- လက်ချီ | ည ၁၁း၃၀ |
| ရိုးမား - ဂျူဗင်တပ်စ် | နံနက် ၂း၁၅ |
| ၆-၃-၂၀၂၃ | တနင်္လာနေ့ |
| ဆက်ဆူအိုလို- ခရီမွန်နိစ် | ည ၁၂း၀၀ |
| တိုရီနို - ဘိုလော့နာ | နံနက် ၂း၁၅ |

| စပိန်လာလီဂါ ပွဲစဉ် (၂၄) | |
|---|---|
| ၄-၃-၂၀၂၃ | စနေနေ့ |
| ဂီတာဖေး - ဂျီရိုနာ | ည ၇း၃၀ |
| အယ်မာရီယာ-ဗီလာရီးရဲ | ည ၉း၄၅ |
| မာလော့ကာ - အယ်ချီ | ည ၁၂း၀၀ |
| အေတီမက် - ဆီဗီလာ | နံနက် ၂း၃၀ |
| ၅-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| ဗယ်လာဒိုလစ်- အက်စ်ပန်ညို | ည ၇း၃၀ |
| ဘာစီလိုနာ - ဗလင်စီယာ | ည ၉း၄၅ |
| ဗယ်လက်ကာနို-ဘီလ်ဘာအို | ည ၁၂း၀၀ |
| ဘက်တစ် - ရီးရဲမက်ဒရစ် | နံနက် ၂း၃၀ |
| ၆-၃-၂၀၂၃ | တနင်္လာနေ့ |
| အိုဆာဆူနာ - ဆဲလ်တာဗီဂို | နံနက် ၂း၃၀ |

| ပရီမီယာလိဂ် ပွဲစဉ် (၂၆) | |
|---|---|
| ၄-၃-၂၀၂၃ | စနေနေ့ |
| မန်စီးတီး - ကာဆယ် | ည ၇း၃၀ |
| အာဆင်နယ် - ဘုန်းမောက် | ည ၉း၃၀ |
| ဗီလာ - ပဲလေ့စ် | ည ၉း၃၀ |
| ဘရိုက်တန် - ဝက်စ်ဟမ်း | ည ၉း၃၀ |
| ချယ်ဆီး - လိဒ်စ် | ည ၉း၃၀ |
| ဝုဖ် - စပါး | ည ၉း၃၀ |
| ဆောက်သမ်တန်-လက်စတာ | ည ၁၂း၀၀ |
| ၅-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| နော်တင်ဟမ် - အဲဗာတန် | ည ၈း၃၀ |
| လီဗာပူး - မန်ယူ | ည ၁၁း၀၀ |
| ၆-၃-၂၀၂၃ | တနင်္လာနေ့ |
| ဘရန့်ဖို့ဒ် - ဖူလ်ဟမ် | နံနက် ၂း၃၀ |

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သောတိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ ကုမ္ပဏီထံမှလည်းကောင်း၊ ဌာနမှဝယ်ယူခွင့်ရရှိသူထံမှလည်းကောင်း၊ မူလအမည်ပေါက်ထံမှ ဝယ်ယူထားသူမှမေတ္တာဖြင့်အပိုင်ပေးစာချုပ်ဖြင့် ဇနီးအမည်သို့လည်းကောင်း၊ အမည်ပေါက်ခင်ပွန်းကွယ်လွန်မှုဇနီးအမည်ဖြင့်လည်းကောင်း၊ အမည်ပေါက်မှသားဖြစ်သူသို့မေတ္တာဖြင့်အပိုင်ပေးစာချုပ်ဖြင့်လည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း၊ ၎င်းတို့၏ အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဒေါ်နန်းဖူး<br>၁၂/လမတ(နိုင်)၀၀၄၂၂၈ (မှ) | ဦးနေလင်းကျော်<br>၁၂/ကတတ(နိုင်)၀၀၃၆၆၆<br>ဒေါ်တင်စုလှိုင်<br>၇/ဖမန(နိုင်)၀၉၄၇၇၀ | အခန်းအမှတ် (၁၁၀၅)၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၂။ | ဒေါ်နန်းဖူး<br>၁၂/လမတ(နိုင်)၀၀၄၂၂၈ (မှ) | ဦးကျော်ဝင်းထွန်း<br>၁၂/ဗဟန(နိုင်)၀၄၃၃၇၂<br>ဒေါ်လှလှသန်း<br>၁၂/ဗဟန(နိုင်)၀၄၃၇၅၂<br>ဒေါ်မေပြည့်ဖြိုးသော်<br>၁၂/ရကန(နိုင်)၀၇၃၅၇၃ | အခန်းအမှတ် (၆၀၃)၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၃။ | ဦးစောနဂါးလေး<br>၁၂/လမတ(နိုင်)၀၃၁၈၈၆ (မှ) | ဦးသိန်းမွန်<br>၉/မကန(နိုင်)၀၅၇၆၃၁ | တိုက်(F)၊ အခန်း(၀၇-၀၁)၊ ပုလဲကွန်ဒိုအိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၄။ | ဦးရဲမင်းဇော် ၁၁/သတန(နိုင်)၀၀၀၅၈၅<br>ဦးသန်းထွေး SPTA-၀၃၈၈၂၁<br>၁၂/ရပသ(နိုင်)၁၂၁၃၅၂(မှ) | ဦးသန်းထွေး SPTA-၀၃၈၈၂၁<br>၁၂/ရပသ(နိုင်)၁၂၁၃၅၂<br>ဒေါ်ယွန်းဝတီသန်းရွှေ<br>၁၂/ပဘတ(နိုင်)၀၃၅၃၂၄ | တိုက်(၁၈၆/၁၈၈)၊ အခန်း(၉လွှာ/Penthouse)ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၅။ | အိုလံပစ်ကုမ္ပဏီလီမိတက်(ကိုယ်စား)ဦးထွန်းအောင်ရွှေ Directon(၁၀/မလမ(နိုင်)၀၀၃၁၁၇)(မှ)<br>ဦးနိုင်ဇော်(၁၂/ပဇတ(နိုင်)၀၀၅၃၅၇) (မှ) | ဦးတိုးရွှေ<br>၁၄/ပသန(နိုင်)၀၀၁၃၁၄<br>ဒေါ်ယဉ်ယဉ်လင်း<br>၁၄/ပသန(နိုင်)၀၀၁၁၂၆ | Tower-B(Unit-A)၊ အခန်းအမှတ်(၃၀၁) Maw Tin Tower၊ လမ်းမတော်မြို့နယ်။ |
| ၆။ | ဒေါ်မြင့်မြင့်ဦး<br>၁၂/ဒဂန(နိုင်)၀၁၉၂၅၄ (မှ) | ဒေါ်တယ်ဖျင်(ခ)နိုင်နိုင်<br>၁၃/ကခန(ဧည့်)၀၀၀၄၁၇ | တိုက်(A)၊ အခန်း(၅/၁၀)၊ စံပယ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| ၇။ | ဒေါ်မြမြဝင်း ၁၂/ကမရ(ဧည့်)၀၀၀၂၁၂ (မှ)<br>ဦးဝင်းအောင် ၁၃/မဆတ(ဧည့်)၀၀၀၁၇၀) (မှ) | ဒေါ်အောင်အောင်ဝင်း(ခ)<br>ဒေါ်မိမိလှိုင်<br>၁၃/မဆတ(နိုင်)၀၃၆၇၆၆ | အခန်းအမှတ်(၀၀၂/၁၀၂)၊ ဇေယျာမွန်အဆင့်(၁)အိမ်ရာ၊မရမ်းကုန်းမြို့နယ်။ |
| ၈။ | ဒေါ်ခင်နှင်းဝေ<br>၁၂/အစန(နိုင်)၀၀၄၇၆၈ (မှ) | ဦးဝေလွင်ဖြိုး<br>၁၂/လမန(နိုင်)၁၄၈၇၆၀ | တိုက်(၁၈)၊ အခန်း(၂၁)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ်။ |
| ၉။ | ဒေါက်တာမျိုးသက်ထွန်း(ကွယ်လွန်)(ကစ)<br>၁၂/ကမရ(နိုင်)၀၃၂၂၄၅ | ဒေါ်ခင်ခင်ဝင်း<br>၁၂/ကမရ(နိုင်)၀၄၅၁၅၁ | တိုက်(အေ-၂)၊ အခန်း(၁၀၂)၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၁၀။ | ဦးစိုးမိုးဦး<br>၁၂/တတန(နိုင်)၂၂၂၀၇၉(မှ) | ဦးလှဝေ<br>၁၂/ထတပ(နိုင်)၀၀၉၆၉၀ | တိုက်(၁၄)၊ အခန်း(၃)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဥပဒေရေးရာဝန်ကြီးဌာန
# ကြေညာချက်

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ၂၆-၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေ အရာရှိအဆင့်(၄) ရာထူး အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည် -

ခုံအမှတ်

| | | | | | |
|---|---|---|---|---|---|
| နပတ-၁ | နပတ-၂ | နပတ-၃ | နပတ-၄ | နပတ-၆ | နပတ-၇ |
| နပတ-၁၂ | နပတ-၁၅ | နပတ-၁၇ | နပတ-၁၈ | နပတ-၂၁ | နပတ-၂၂ |
| နပတ-၂၅ | နပတ-၂၇ | နပတ-၂၉ | နပတ-၃၂ | နပတ-၃၃ | နပတ-၃၅ |
| နပတ-၃၆ | နပတ-၃၇ | နပတ-၃၉ | နပတ-၄၁ | နပတ-၄၃ | နပတ-၄၅ |
| နပတ-၄၆ | နပတ-၄၇ | နပတ-၄၉ | နပတ-၅၁ | နပတ-၅၅ | နပတ-၆၁ |
| နပတ-၆၃ | နပတ-၆၅ | နပတ-၆၇ | နပတ-၆၈ | နပတ-၆၉ | နပတ-၇၂ |
| နပတ-၇၄ | နပတ-၇၅ | နပတ-၇၇ | နပတ-၇၈ | နပတ-၇၉ | နပတ-၈၀ |
| နပတ-၈၁ | နပတ-၈၂ | နပတ-၈၃ | နပတ-၈၄ | နပတ-၈၅ | နပတ-၈၆ |
| နပတ-၈၇ | နပတ-၈၈ | နပတ-၈၉ | နပတ-၉၀ | နပတ-၉၇ | နပတ-၉၈ |
| နပတ-၉၉ | နပတ-၁၀၀ | နပတ-၁၀၂ | နပတ-၁၀၄ | နပတ-၁၀၇ | နပတ-၁၀၉ |
| နပတ-၁၁၁ | နပတ-၁၁၂ | နပတ-၁၁၃ | နပတ-၁၁၆ | နပတ-၁၁၇ | နပတ-၁၁၉ |
| နပတ-၁၂၀ | နပတ-၁၂၁ | နပတ-၁၂၂ | နပတ-၁၂၃ | နပတ-၁၂၈ | နပတ-၁၃၀ |
| နပတ-၁၃၁ | နပတ-၁၄၀ | နပတ-၁၄၂ | နပတ-၁၄၃ | နပတ-၁၄၄ | နပတ-၁၄၅ |
| နပတ-၁၄၆ | နပတ-၁၅၀ | နပတ-၁၅၁ | နပတ-၁၅၅ | နပတ-၁၅၈ | နပတ-၁၅၉ |
| နပတ-၁၆၀ | နပတ-၁၆၄ | နပတ-၁၆၆ | နပတ-၁၆၇ | နပတ-၁၆၉ | နပတ-၁၇၀ |
| နပတ-၁၇၄ | နပတ-၁၇၅ | နပတ-၁၇၆ | နပတ-၁၇၈ | နပတ-၁၇၉ | နပတ-၁၈၀ |
| နပတ-၁၈၃ | နပတ-၁၈၄ | နပတ-၁၈၅ | နပတ-၁၈၆ | နပတ-၁၈၇ | နပတ-၁၈၈ |
| နပတ-၁၈၉ | နပတ-၁၉၁ | နပတ-၁၉၃ | နပတ-၁၉၄ | နပတ-၁၉၆ | နပတ-၁၉၇ |
| နပတ-၁၉၉ | နပတ-၂၀၀ | နပတ-၂၀၁ | နပတ-၂၀၃ | နပတ-၂၀၄ | နပတ-၂၀၅ |
| နပတ-၂၀၆ | နပတ-၂၀၇ | နပတ-၂၁၂ | နပတ-၂၁၃ | နပတ-၂၁၄ | နပတ-၂၂၆ |
| နပတ-၂၂၇ | နပတ-၂၂၈ | နပတ-၂၃၀ | နပတ-၂၃၁ | နပတ-၂၃၂ | နပတ-၂၃၃ |
| နပတ-၂၃၄ | နပတ-၂၃၅ | နပတ-၂၄၀ | နပတ-၂၄၁ | နပတ-၂၄၂ | နပတ-၂၄၃ |
| နပတ-၂၄၄ | နပတ-၂၄၅ | နပတ-၂၄၆ | နပတ-၂၄၉ | နပတ-၂၅၁ | နပတ-၂၅၂ |
| နပတ-၂၅၃ | နပတ-၂၅၇ | နပတ-၂၆၅ | နပတ-၂၆၈ | နပတ-၂၆၉ | နပတ-၂၇၁ |
| နပတ-၂၇၂ | နပတ-၂၇၃ | နပတ-၂၇၆ | နပတ-၂၇၇ | နပတ-၂၇၈ | နပတ-၂၇၉ |
| နပတ-၂၈၀ | နပတ-၂၈၁ | နပတ-၂၈၂ | နပတ-၂၈၈ | | |

၂။ ဥပဒေအရာရှိအဆင့်(၄)ရာထူး အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများအား ၁၂-၃-၂၀၂၃ ရက်နေ့မှ ၁၅-၃-၂၀၂၃ ရက်နေ့ထိ လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။ ၁၀-၃-၂၀၂၃ ရက်နေ့နှင့် ၁၁-၃-၂၀၂၃ ရက်နေ့များတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၂၅)၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲသို့ ဥပဒေဘွဲ့လက်မှတ်(မူရင်း)၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ၁-၃-၂၀၂၃ ရက်နေ့နောက်ပိုင်း ကျန်းမာကြောင်း ထောက်ခံချက်(မူရင်း)တို့ကို ယူဆောင်၍ လာရောက် သတင်းပို့ကြရန်ဖြစ်ပါသည်။

၃။ အောင်မြင်သူများစာရင်းကို ဥပဒေရေးရာဝန်ကြီးဌာန Website ဖြစ်သည့် www.mola.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၃)လမ်း၊ တိုက်အမှတ်(၃၄) ၊အခန်းအမှတ် - B-6(၆လွှာ) (ခြေရင်းခန်း) အကျယ်အဝန်း (၁၂ပေခွဲ× ၅၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုကမ်းလှမ်းသူ ဒေါ်ချိုချို (၁၂/တမန(နိုင်)၀၃၄၁၃၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၃၆)၊ မြေကွက်အမှတ်(၄၈၀) ဟု ခေါ်တွင်သော မြေအကျယ်အဝန်း အလျား(၆၀)ပေXအနံ (၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အားလုံးကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိသူ ဒေါ်တင်မာဦး ၇/တငန(နိုင်)၁၃၅၃၅၅ ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲဝင့်နောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၁၀၂၇)
ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၅၀၇၁၄၃၁

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဖခင်ဦးစိုးမြင့် ၉/မထလ(နိုင်)၀၆၀၀၀၇၃၊ မိခင် ဒေါ်မာမာအေး ၉/မထလ(နိုင်)၁၄၀၁၇၀ တို့၏ သမီး မနှယ်သဇင်ဖူးဝေ ၉/မထလ(နိုင်)၂၆၇၈၀၁ သည် မိဘစကားနားမထောင်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ)

မိခင်
ဒေါ်မာမာအေး

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/41523 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းခိုင် ၁၀/မလမ(နိုင်)၁၁၀၅၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(ဘားအံမြို့)

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4629 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၉/ရမသ(နိုင်)၀၂၇၀၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရမည်းသင်း)

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လူနေရပ်ကွက်အမှတ် - ၁၉၊ နံ့သာမြိုင်လမ်း၊ မြေကွက်အမှတ် - ၅၀၃/က၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက မြေကွက်မှာ ဦးကြွယ် (AC – ၀၄၇၈၁၂) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်မှာရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ၁။ ဦးတင်နု ၁၂/မဂတ (နိုင်) ၀၆၃၄၃၇၊ ၂။ ဦးမျိုးအောင် ၁၂/မဂတ(နိုင်) ၀၆၃၄၀၂၊ ၃။ ဒေါ်နွယ်နွယ် ၁၂/မဂတ(နိုင်)၀၆၃၄၀၁၊ ၄။ ဦးကျော်ကျော် ၁၂/မဂတ(နိုင်)၀၇၅၃၅၅ တို့ထံမှ ကျွန်ုပ်မိတ်ဆွေများ ဖြစ်ကြသော ဦးထွန်းထွန်းနိုင် ၁၂/တမန(နိုင်)၀၀၉၂၅၈ နှင့် ဒေါ်ဦးငွေးမြင့် ၁၁/မပတ(နိုင်)၀၃၀၆၄၆ တို့မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည် ။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်မြတ်စိုး LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)

ဒေါ်အိအိမာ LL.B
အထက်တန်းရှေ့နေ(စဉ်-၅၁၉၀၇)

ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉

---

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်နှင့် အုန်းတောကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝိဝေကကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကြည်သာအေးမြကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ရွှေပြည်သာမြို့နယ်ရှိ လိုတရဟာသ်ာတစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မကျည်းတောကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဆေးဒါန်းတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဂန္ဓဝိပဿနာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဓမ္မဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

---

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက် ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၃ | ၃ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၈၉ ခန်း | ၃၆၆ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၂ စုံ | ၃၄၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပြန်ခန့်ခိုင် ၅/ကလထ(နိုင်)၂၃၉၈၂၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၇၄၃၇၈၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/5823 Daihatsu Hijet S321V Delivery Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမောင်မောင် ၉/ပဗသ(နိုင်)၀၁၃၃၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၅၀၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဖိုးအောင် ၁၀/မလမ(နိုင်)၂၇၈၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

